# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ် (၁၃၅)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင် အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေး နည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် )**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့မင်္ဂလာ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ကြသော သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမ အားလုံးကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ် အထိ

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

### အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမဆောင်၌ တွေ့ဆုံအမှာစကားပြောကြားပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁ ❍*

* *ရှေ့ဖုံးမှ*

နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့တို့မှ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တစ်ပေါင်းတစ်စည်းတည်း အတူရယူမည်ဟူသောသန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး (၂၃)ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ နံနက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်၍ နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားများကို ကျင်းပခဲ့သည်မှာ (၇၈)နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မိမိတို့နိုင်ငံ၏ထူးခြားသော ဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင်ဖြစ်ပါသည်။ နေရာဒေသအသီးသီးရှိ တိုင်းရင်းသား ပြည်သူများအချင်းချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားလေးပါးဖြင့် နေထိုင်ဆက်ဆံကြမည်ဆိုပါက အေးချမ်းသာယာသောလူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် နိုင်ငံသားတိုင်း ဝံသာနုရက္ခိတ တရားတည်းဟူသော မိမိနိုင်ငံနှင့်လူမျိုးကို အစဉ်စောင့်ရှောက်လိုစိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းလိုစိတ်တို့ကိုအခြေခံပြီး အေးအတူပူအမျှ ချစ်ကြည်စွာ ပေါင်းစုနေထိုင်သွားကြမည်ဆိုပါက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမည်သာဖြစ်ပါသည်။

ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ် ရရှိထားသော ပြည်ထောင်စုနယ်နိမိတ် မပျောက်ပျက်စေရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုသားအားလုံးက **“ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင်အကောင်အထည်ဖော်ကြရန်”** တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသော ညီရင်းအစ်ကို၊ မောင်ရင်းနှမများဖြစ်ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာဒေသ၊ ကိုးပြင်းရာဝန်းကျင်၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုရာစကားနှင့် မြတ်နိုးရာစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းများ မတူကွဲပြားသော်လည်း ပြည်ထောင်စုသားသွေးချင်းများ ဖြစ်သည်ဟူသော အသိစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားကာ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများဖြင့် ချစ်ကြည်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပါသည်။

တိုင်းရင်းသားများ၏ ပင်ကိုစိတ်ရင်းတွင် အေးချမ်းစွာနေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်ရှိကြပြီး ပကတိရိုးသားဖြူစင်သော စိတ်ထားရှိကြပါသည်။ ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် ယနေ့အချိန်ထိ တိုင်းရင်းသားညီနောင်အချင်းချင်းအကြား လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်ငြိမ် မအေးချမ်းဖြစ်နေရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ကြရပါသည်။

❖ **မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြ၊ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်**

❖ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန်လိုအပ်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများ ရှိနိုင်သော်လည်း ကိုယ်စီ၏ လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်၍ မှန်ကန်သည့်ကောင်းကျိုးရလဒ်များ ရရှိနိုင်မည် မဟုတ်သည့်အတွက် မိမိတို့တိုင်းရင်းသားများအကြားနားလည်မှု လွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ် ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ **“လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး”**ကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးနေကြပါသည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့များ ပါဝင်ပတ်သက် ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာဖြင့် အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ စိတ်တူကိုယ်တူတစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ **“ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန်”** တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးသွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီး ပါတီစုံပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ရှေ့ပြေးလူဦးရေစာရင်းကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ တိကျမှန်ကန်သည့် အတည်ပြုဦးရေစာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်ပေးပို့ပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုမရှိရေးနှင့် တိကျမှန်ကန်ရေး Myanmar Electronic Voting Machine ဖြင့် မဲပေးသည့်စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့်ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်၏ လိုအင်ဆန္ဒများကို ပဋိပက္ခအဖြစ် ဖန်တီးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုများမှ ရှောင်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့်သာ ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်နေသော တည်ငြိမ်အေးချမ်းမှုရှိရေး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်”** တိုက်တွန်းအပ်ပါသည်။


**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

ပြည်နယ်နှင့် တိုင်းဒေသကြီး အချင်းချင်းအကြားတွင် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းတွင် လည်းကောင်း၊ ကျေးလက်နှင့် မြို့ပြအကြားတွင်လည်းကောင်း လူနေမှုစနစ်ကွာဟနေမှုများ၊ ဆင်းရဲချမ်းသာကွာဟနေမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် တိုင်းပြည်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုက ပဓာနကျသကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်ထောင်စုအကျိုးရှေးရှုမှုက အခရာကျပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို ကယား ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို ကရင် ပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။

## ❐ နိုင်ငံ၏အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကိုတွေ့ရ

## ❐ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင် လုပ်ကြရမည်ဖြစ်၊ မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်

❍ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တည်ငြိမ်အေးချမ်းရေး၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့်အခြေအနေများအရ တာဝန်ထမ်းဆောင်ခွင့်ကို ၆ လသက်တမ်းထပ်မံတိုးမြှင့်ခဲ့ရကြောင်း၊ ယခု ၆ လတာကာလအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့်ဒေသများအလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အခက်အခဲမရှိစေရေး လစာနှင့်ထောက်ပံ့ကြေးများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်တွင်းနိုင်ငံခြားငွေ အခက်အခဲများနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်သွယ်မှုကြောင့် နိုင်ငံပိုင်နိုင်ငံခြားငွေများ ရရှိသကဲ့သို့ Non Trade များမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် ကုန်သွယ်မှုမှ နိုင်ငံခြားငွေလိုအပ်မှုမှာ ၂၄ ဘီလီယံကျော်ခန့်ရှိကြောင်း၊ လိုအပ်သည့် နိုင်ငံခြားငွေများကို အခြားပြည်ပချေးငွေများ၊ ထောက်ပံ့ငွေများနှင့် Non Trade များမှ ရရှိသည့်ငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်ကာလအတွင်း နိုင်ငံခြားချေးငွေများ မရရှိကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လုပ်ငန်းများမှလည်း နိုင်ငံခြားငွေများရရှိကြောင်း၊ အခြားနိုင်ငံများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သူများထံမှ နိုင်ငံခြားငွေများလည်း ရရှိကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင်ရသင့်သလောက်ရရှိမှုမရှိသည်ကို တွေ့ရသဖြင့် ပိုမိုတိုးတက်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး**

နိုင်ငံတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာကြပြီး မိမိတို့နိုင်ငံ၏ GDP သည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ GDP တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိပြီး **နိုင်ငံ၏ အဓိကလုပ်ငန်းရပ်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ **တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင် လုပ်ကြရမည်ဖြစ်**ကြောင်း၊ **မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများလည်း ထိုက်သင့်သလောက်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာလျှင် ပို့ကုန်ကဏ္ဍတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဖြစ်ထွန်းအောင်မြင်ပြီး ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် ဆန်၊ ပြောင်း၊ ကော်ဖီတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်တိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြောင်းကုန်ကြမ်းများကို ပြည်ပသို့တင်ပို့မည့်အစား အရည်အသွေးမြင့် ပြောင်းထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း၊ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အရည်အသွေးမီသော အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးစေရေးတို့အပြင် ဒေသနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်၍ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မတူညီသည့် ရေမြေ၊ ရာသီဥတု၊ ဒေသအခြေအနေများအပေါ် မူတည်၍ ဒေသအလိုက် မည်သည့်ရေတို၊ ရေရှည်စီးပွားရေးလုပ်ငန်းမျိုး ဆောင်ရွက်သင့်သည်၊ မည်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးသင့်သည်ကို ဆွေးနွေးညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို သမားရိုးကျနည်းအပြင် ခေတ်မီနည်းစနစ်များဖြင့် တီထွင်တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံ့စီးပွားတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သောကြောင့် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများ တန်းတူရည်တူ အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသဖြင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ စနစ်တကျမွေးထုတ်လျက်ရှိပါသည်။

ယနေ့အချိန်တွင် အနာဂတ်၏ အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါ်များရေးဟူသော ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများ တိုးချဲ့ရေး၊ ဆရာ ဆရာမများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းဥပဓိရုပ် ကောင်းမွန်အောင် ပြင်ဆင်ရေးတို့အတွက် တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးကောင်းမွန်သော ပညာတတ်များ ပေါ်များလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားများ တိုးတက်လာပြီး လူမှုစီးပွားဘဝများလည်း မြင့်မားလာကာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ကွာဟမှု လျော့နည်းလာမည် ဖြစ်ပါသည်။


သို့ဖြစ်ပါ၍ **"ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေး"** အတွက် သက်ဆိုင်သူများနှင့်တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ် ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ်ခံယူလျက် ညီနောင်တစ်စု တည်ထောင်ပြုပါက ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲ၊ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို ချင်းပြည်နယ်ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ပဲနှင့်ပတ်သက်၍လည်း အလားတူဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဆန်ထုတ်လုပ်မှုမှ ဆန်ကွဲနှင့် ဖွဲများကိုလည်း မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးရှိရှိအသုံးချသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်လျက်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် အခြေခံ အချက်အလက်ကိန်းဂဏန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အတတ်နိုင်ဆုံးမှန်ကန်မှု ရှိစေရေး စာရင်းကောက်ယူဆောင်ရွက်သွားရန်လိုပြီး ယင်းအခြေခံအချက်အလက်များနှင့်ဒေသတွင်း စားရေးလိုအပ်ချက်များအပေါ် မူတည်၍ စိုက်ပျိုးရေး၊ မွေးမြူရေးစီမံချက်များကို ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက်လိုအပ်သည့် ရေများလုံလောက်စွာရရှိစေရေး သဲချောင်းများ၌ မြေအောက်တမံများ တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံချက်များ ရေးဆွဲတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေး**

နေရေးလုံခြုံမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် ရာနှုန်းပြည့်လုံခြုံရေးဟူ၍ မည်သည့်နိုင်ငံတွင်မျှ မရရှိနိုင်ကြောင်း၊ ရာဇဝတ်မှုများ၊ လုံခြုံရေးကျိုးပေါက်မှုများသည် နိုင်ငံတိုင်း၌ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှစ၍ ပြည်သူ့လုံခြုံရေးစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး သက်ဆိုင်ရာနယ်မြေဒေသအလိုက် ဖွဲ့စည်း ထားရှိပြီးဖြစ်ကြောင်း၊ စွမ်းရည်စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူကအားကိုးရသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ၎င်းတို့၏ တာဝန်ထမ်းဆောင်မှုများအပေါ် လိုအပ်သည်များ အားပေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေရာဒေသအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် မှန်မှန်ကန်ကန်ဖြင့် တာဝန်ပေးအပ်နိုင်ရေး၊ မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဒေသအလိုက်ရှိပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုအပိုင်းနှင့်ပတ်သက်၍ အကြမ်းဖက်အဖွဲ့များအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကို အခွင့်ကောင်းယူ၍ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ အကြမ်းဖက်မှုကို ကျူးလွန်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသအလိုက် နယ်မြေစိုးမိုးမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံမှုမရှိခြင်းကြောင့် ကုန်စည်စီးဆင်းမှုများကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး စားရေးသောက်ရေးနှင့် လူမှုစီးပွားဘဝများလည်း ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သွားလာမှုနှင့် လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို အထူးအလေးထား ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

ယမန်နေ့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များအနေဖြင့် တစ်စုတစ်စည်းတည်း ဆုံစည်းခဲ့ကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း တွေ့ရှိရပြီး အားသာချက်၊ အားနည်းချက်များ၊ ဒေသအလိုက် ဆောင်ရွက်ချက်များကို တွေ့မြင်သိရှိရနိုင်သည့် တန်ဖိုးအရှိဆုံးသော၊ အကြီးအကျယ်ဆုံးသော အခွင့်အရေးပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်၌ ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေနိုင်မည်ဖြစ်ပြီး ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေနိုင်မည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ ရရှိစေရေး Polytechnic တက္ကသိုလ်များ၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရင်းနှီးမတည်ငွေများ ထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း။

**ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး**

ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် ပိုလျှံဘဏ္ဍာငွေများဖြင့် သတ်မှတ်ထားသည့် ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည့် အဆောက်အအုံများ၊ ခြံစည်းရိုးများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ လုံခြုံရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် ဝန်ထမ်းလိုင်းခန်းများ ပြည့်စုံစွာရှိစေရေး အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘတ်ဂျက်ငွေသုံးစွဲမှုနှင့် ပတ်သက်၍ Quick Win ဖြစ်နိုင်သည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နေရပ်ရွှေ့ပြောင်းလာသူများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ အဆိုပါနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူများ၏ စာရင်းများကို မှန်ကန်စွာဖြစ်စေရေး သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ လူဦးရေစာရင်းများ မှန်မှန်ကန်ကန်ရရှိရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

### အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် **အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်**ပြီး နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းအမှတ်များသို့ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် သက်ဆိုင်ရာ နယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင် မပါဝင်ဘဲ ကျန်နေခဲ့ရသူများ မရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကောက်ယူရရှိထားသည့် စာရင်းတွင် မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာနေရသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြ တောင်းခံသွားရန်နှင့် စနစ်တကျစိစစ်ထောက်ပံ့ပေးသွားရန်လိုကြောင်း။

### နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်ရေး

နွေရာသီကျောင်းပိတ်ရက်ကာလနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်ယူခဲ့ပြီးဖြစ်သည့် သင်ခန်းစာများအား ပြန်လည်ဖတ်မှတ်လေ့လာစေခြင်း၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာတို့ကဲ့သို့ ၎င်းတို့ကို အကျိုးဖြစ်စေနိုင်မည့် အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပိတ်ရက်ကာလအတွင်း ပညာရေးဝန်ထမ်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် မွမ်းမံသင်တန်းပို့ချပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း KG + 9 အထိ ပညာသင်ကြားရေးစနစ်အဖြစ် ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ယခုမှာကြားချက်များအား ပြန်လည်ရောက်ရှိချိန်တွင် တာဝန်ရှိသူများအား ပြန်လည်ဆွေးနွေးမှာကြားခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြရာတွင် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် GDP တိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှု အခြေအနေများ၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သွားမည့်အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအား မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှုများကို လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လက်နက်ခဲယမ်းသယ်ဆောင်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် မီးခိုးငွေ့ကင်းစင်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှု၊ စိစစ်မှုတို့နှင့် ပတ်သက်၍ မျက်မြင်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ၊ စိတ်ခါတ်စည်းကမ်းပိုင်းဆိုင်ရာ စစ်ဆေးခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်ပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်းသာဖြစ်ရန်လိုပြီး အတင်းအဓမ္မစုဆောင်းခြင်းများ မဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့်ပတ်သက်၍ လျှပ်စစ်မီးလိုအပ်ချက်ကို ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပါက လုပ်ဆောင်ပြီး ၃ နှစ်တာကာလအတွင်း အရင်းကြေကာလသို့ ရောက်ရှိနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ MSME လုပ်ငန်းများအား ဆိုလာစနစ်ကို အသုံးပြု၍ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး အသိပညာပေးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယခုကဲ့သို့ ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာသံရုံးများမှ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ရှာဖွေနိုင်ရေး ဆောင်ရွက်မှုများ၊ စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားသဖြင့် အကျိုးရှိရှိ ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍လည်း အရေးကြီးသည့်ကိစ္စရပ်များဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရေနံစိမ်း တိုးမြှင့်ထုတ်ယူနိုင်ရေးကိစ္စများ၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးမြေအဖြစ်သုံးစွဲရန် မသင့်လျော်သည့် နေရာများ၊ မြေလွတ်မြေရိုင်းနေရာများကို စိစစ်ဖော်ထုတ်ထားရန်လိုကြောင်း၊ အဆိုပါမြေနေရာများတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အထွေထွေဆွေးနွေးမှုများတွင်ပါဝင်သည့် မီးခိုးငွေ့ကင်းစင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ဆောင်ရွက်လျက်ရှိပြီး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မီးခိုးငွေ့နှင့် လေထုသန့်ရှင်းရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ စိစစ်ဖော်ထုတ်ရာ၌ ဖမ်းဆီးရမိသူများအပြင် ပါဝင်ပတ်သက်နေသည့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကိုလည်း အဆင့်ဆင့်စိစစ်ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း၊ တရားမဝင်မော်တော်ဆိုင်ကယ်များကိုလည်း စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းသည် နိုင်ငံတော်အတွက်လည်း များစွာထိခိုက်စေနိုင်သဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း။

Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက်ဖော်ထုတ် အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သတင်းအချက်အလက်များ ဖော်ထုတ်ရယူ၍ အရေးယူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်း ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်ရောင်းချမှု ဟူ၍ရှိပြီး သယ်ယူပို့ဆောင်ရာတွင် မြို့ကြီးများကို ဖြတ်ကျော်သယ်ဆောင်နေခြင်းများဖြစ်သဖြင့် စနစ်တကျ ဖိဖိစီးစီးဖြင့် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ဒုစရိုက်မှုများကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်လာသူများအနေဖြင့် နယ်စပ်ဒေသများရှိ ဒေသခံတိုင်းရင်းသူများနှင့် လက်ထပ်ထိမ်းမြားခြင်းများ လုပ်ဆောင်ပြီး မိမိတို့ နိုင်ငံသားအဖြစ်ရရှိရန် ဆောင်ရွက်ခြင်းများလည်း ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့် နိုင်ငံခြားသားများနှင့် မိမိတို့နိုင်ငံသားများ တရားမဝင် လက်ထပ်ပေါင်းသင်းနေထိုင်ခြင်းများကို စနစ်တကျဖြင့် ဖော်ထုတ်သွားကြရန်လိုကြောင်း။

စာကြည့်တိုက်များနှင့် ပတ်သက်၍လည်း အားပေးဆောင်ရွက်သွားရန်လိုပြီး စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်ရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**တိုက်တွန်းမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ထမ်းများအနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အပြင် နိုင်ငံသားတိုင်းအနေဖြင့် သိရှိလိုက်နာစောင့်ထိန်းရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတာဝန်များကို ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေအသိပညာရပ်များကို ပိုမိုသိရှိနားလည် တတ်ကျွမ်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်ငြိစွန်းနိုင်သည့် ကိစ္စရပ်များကိုရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဆွေးနွေးပြောကြား**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန့်ဇင်က **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ"** ကိုလည်းကောင်း၊ သင်တန်းနည်းပြများက **"မြန်မာနိုင်ငံ အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးအသိပညာ"**တို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်း ဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား ကျင်းပမည့် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေး သုတေသန စီမံကိန်းဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တရုတ်-အာဆီယံသုတေသနစင်တာမှ သုတေသနမှူး Dr. Zhong Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် Providing Legal Service for Justice ဟူသည့်တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှု မဟာဗျူဟာ (၂၀၁၉-၂၀၂၄) အရ ဥပဒေအသိပညာ ပြန့်ပွားရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ဖြစ်ရာ ဥပဒေဝန်ဆောင်မှုပုံစံတစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိသော ဥပဒေသုတေသနလုပ်ငန်းများသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ဥပဒေသုတေသနလုပ်ငန်းများသည် ဥပဒေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မှန်ကန်သော ဥပဒေဝန်ဆောင်မှုပေးနိုင်ရေး၊ ဥပဒေအကြံဉာဏ်များ ပေးနိုင်ရေးတို့အတွက် အရေးကြီးသော လုပ်ငန်းဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံသုတေသနစင်တာတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ပါက နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ သုတေသနစင်တာတို့အကြား နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းအားဖြင့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် တရုတ်-အာဆီယံ ဥပဒေရေးရာသုတေသနစင်တာတို့အကြား လက်မှတ်ရေးထိုးခဲ့သော ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဥပဒေပြုရေးသုတေသနစီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုမြှင့်တင်နိုင်မည့် အကျိုးကျေးဇူး ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် တရားဥပဒေစိုးမိုးရေးနယ်ပယ်နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် သုတေသနခေါင်းစဉ်များကို ရွေးချယ်သတ်မှတ်နိုင်ရန် ဆွေးနွေးခြင်း၊ သုတေသနလုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများ၊ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အပြန်အလှန်ဖလှယ်ခြင်း၊ အီလက်ထရောနစ်နည်းလမ်းဖြင့် လိမ်လည်သည့်အမှုများ၊ လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးနှင့် အခြားသော နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်နိုင်ရေးအတွက် တရုတ်-မြန်မာ ဥပဒေရေးရာ သုတေသနစင်တာ တည်ထောင်ခြင်းဆိုင်ရာကိစ္စများ၊ တရုတ်-မြန်မာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ စင်တာတည်ထောင်ခြင်း၊ ၂၀၂၅ ခုနှစ်တွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက Southwest University of Political Science and Law(SWUL) တက္ကသိုလ်သို့ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ်လာရောက်၍ ပညာရပ်များ သင်ကြားပို့ချနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) (၁၃)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း) တည်ထောင်သည့် (၁၃) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပါမောက္ခချုပ်က အမှာစကား ပြောကြားပြီး ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိသူ နှစ်ဦး၊ ပြက္ခဒိန်နှစ်အတွင်း မည်သည့်ခွင့်မှ ခံစားခြင်းမရှိသည့် အရာထမ်း၊ အမှုထမ်း ၂၀၊ အရိုးသား ဆုံးဆုရရှိသူ အမှုထမ်း သုံးဦးတို့ကို ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ တက္ကသိုလ် တည်ထောင်သည့်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ရှိ ကျောင်းသား ကျောင်းသူများနှင့် HRD Programme များမှ ရောင်းချသည့် ဆိုင်ခန်း ၁၀ ခန်းအား လှည့်လည် ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား ငွေသားဆုကံစမ်းမဲများ ပေးအပ်သည်။ ထို့အပြင် တက္ကသိုလ် တည်ထောင်သည့်နေ့ (၁၃)နှစ်မြောက် အထိမ်းအမှတ်ဂုဏ်ပြုသုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့ပြီး အကျိုးပြု သုတေသနစာတမ်း ၁၃ စောင် ဖတ်ကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်ထွန်း**



သနပ်ပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ မီးဘေးကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းမင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်ဌာနတို့ ပူးပေါင်း၍ မီးဘေးစစ်ဆေးခြင်းနှင့် သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က ပြုလုပ်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အရာထမ်း အမှုထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန လေးခုတို့မှ ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဌာနတွင်းစည်းလုံးညီညွတ်မှုရှိစေရေး၊ ရာသီအလိုက်ရိုးရာပွဲကို တန်ဖိုးထားမြတ်နိုးတတ်စေရေး၊ ဌာနချင်းပူးပေါင်းဆောင်ရွက်မှု အားပေးမြှင့်တင်ရေးတို့အတွက် ယခုကဲ့သို့ ပြိုင်ပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိကြသည့် ဦးစီးဌာနအသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၏ ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းပါဝင်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက အမှတ်ပေးသတ်မှတ်ချက်များနှင့်အညီ အားကြိုးမာန်တက် ယှဉ်ပြိုင်ကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများကလည်း သီချင်းများ၊ သံချပ်များ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးခတ်၍ အားပေးကြသည်။

### ဆုများချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆုရရှိသည့် အသင်းများကို ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပုရဆေးဥယျာဉ်ခြံရှိ တိုင်းရင်းဆေးပညာဦးစီးဌာန ခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ (နေပြည်တော်)ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက လူ့အခွင့်အရေးအခြေခံအယူအဆ အကြောင်း၊ လူ့အခွင့်အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့်အရေး အမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချီခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၁** မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းတတ်စေရန်နှင့် ဝန်ထမ်းများအချင်းချင်း ရိုင်းပင်းကူညီစိတ်များ ထားရှိပြီး စည်းလုံးပျော်ရွှင်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထများရရှိစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Training Center–1 ရှေ့၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဌာနခွဲအလိုက် ပျော်ရွှင်စွာ ထမနဲထိုးနေကြသည့် ဝန်ထမ်းများအားကြည့်ရှုအားပေးပြီး ၎င်းအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများက ဝန်ထမ်းများကို ထမနဲဘူးများ ပေးဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံခရီးသွားပြပွဲ ကျင်းပနိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား ကမ္ဘာကသိရှိပြီး ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF–2025) ကျင်းပနိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိ နီလာအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။





တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ (Myanmar Tourism Fair MTF – 2025) ရည်ရွယ်ချက်များ၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်သွားလိုသည့် အခြေအနေနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား မြှင့်တင်ကြော်ငြာသွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမင်းသိန်းက ပြပွဲကျင်းပသွားမည့်အစီအစဉ်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းနည်းပညာအကြံပေး ဒေါ်ကြည်ကြည်အေးနှင့် Myanmar Tourism Master Plan (2026 – 2030) ရေးဆွဲရေးဆိုင်ရာ အဖွဲ့ဝင်များက မြန်မာ့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ရေးဆွဲဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကို အလေးအနက်ထားသည့်အတွက် ပြည်တွင်း ခရီးသွားလုပ်ငန်း တိုးတက်ရေးသာမက ပြည်ပခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက်ကိုပါ အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယခုကျင်းပမည့် မြန်မာနိုင်ငံခရီးသွားပြပွဲ ၂၀၂၅ အား အာဆီယံဒေသတွင်းနိုင်ငံများမှ ဆောင်ရွက်သည့် ခရီးသွားပြပွဲများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ပါက နိုင်ငံတကာက ပိုမိုကျယ်ပြန့်စွာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့ Industry အတွင်း၌သာမက ဆက်စပ်ကဏ္ဍများနှင့်ပါ ဆက်သွယ်ဆောင်ရွက်ရသည့်အတွက် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပိုမိုအားစိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် "မြန်မာ့သနပ်ခါးနေ့" အထိမ်းအမှတ် လှုပ်ရှားမှုအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** မြန်မာ့သနပ်ခါးကို UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Representative List of The Intangible Cultural Heritage of Humanity) သို့ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုနှင့် တပို့တွဲလပြည့်နေ့တွင် သတ်မှတ်ထားသည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ကျရောက်သည့် "မြန်မာ့သနပ်ခါးနေ့" အထိမ်းအမှတ် အကြိုလှုပ်ရှားမှုတို့ကို ယနေ့တွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်ဆင်နွှဲ**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မူလတန်းလွန်ကျောင်း (ညောင်ပင်ကြီးစု)မှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ Honey Tree ကိုယ်ပိုင် မူလတန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ဆင်နွှဲကြသည်။

**ခင်းကျင်းပြသ**

အခမ်းအနားတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) စာကြည့်တိုက်မှူးများက မြန်မာ့သနပ်ခါး၏ သမိုင်းကြောင်းနှင့် အစဉ်အလာ ယဉ်ကျေးမှုများ၊ မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောခြင်း၊ မြန်မာ့သနပ်ခါးနှင့်သက်ဆိုင်သည့် စာအုပ်စာတမ်းများ ခင်းကျင်းပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့် သက်ဆိုင်သည့် ဗီဒီယိုမှတ်တမ်းပြသခြင်း၊ မြန်မာ့သနပ်ခါးနှင့် ဆက်စပ်သည့် အကြောင်းအရာများ ရှာဖွေနိုင်သည့် Website Link များ စီစဉ်ထားရှိခြင်း၊ မြန်မာ့သနပ်ခါးအကြောင်း ပုံဖော်ရေးသားထားသည့် ကဗျာများ ရွတ်ဆိုခြင်း၊ ကျောင်းသားကျောင်းသူများက သနပ်ခါးကဗျာ ရွတ်ဆိုသရုပ်ပြခြင်း၊ ကျောင်းသားကျောင်းသူများအား မြန်မာ့သနပ်ခါးများ လိမ်းခြယ်ပေးခြင်းနှင့် ကိုယ်တိုင်လိမ်းခြယ်စေခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

ထို့အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်များတွင် မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှုများကို သနပ်ခါးရက်သတ္တပတ် (Thanakha Week) သို့မဟုတ် သနပ်ခါးလ (Thanakha Month) အနေဖြင့် ဖေဖော်ဝါရီလတစ်လလုံး ဆောင်ရွက်လှုပ်ရှားကြရန် နှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ဖေဖော်ဝါရီ ၁၀ ရက်က ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာအုပ်စုအတွင်းရှိ နေအိမ်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

မောင်မွေး

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်–ရန်ကုန်၌ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁** –သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်–ရန်ကုန် ဗုဒ္ဓဘာသာအသင်းမိသားစုမှကြီးမှူး၍ ဒသမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် အဆိုပါတက္ကသိုလ်၌ကျင်းပရာ ဘွဲ့ကြို/ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရရှိသည့် တတိယနှစ်ဘီဒီအက်စ် (၁/၂၀၂၅) သင်တန်း၊ ဒုတိယဆုရရှိသည့် အလုပ်သင်ဆရာဝန်နှင့် တတိယဆုရရှိသည့် နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၂၅) သင်တန်းတို့အား ပါမောက္ခချုပ်နှင့် ဆရာဆရာမများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပင်လုံသက်သေ ချစ်သောမြေ

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ (ယနေ့) သည် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အရေးပါအရာရောက်ခဲ့သော နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။ ပြည်ထောင်စုနေ့သည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများအကြား စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကို အထိမ်းအမှတ်ပြုသည့် နေ့တစ်နေ့လည်း ဖြစ်ပါသည်။**

**ဇင်မင်းစိုး (ဗိုလ်ကလေး)**

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ပြု၍ သိမ်းပိုက်ခဲ့ပြီးနောက် နယ်ပယ်ဒေသမျိုးစုံတွင် အမျိုးမျိုးဖိနှိပ်အုပ်ချုပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများကို အလုံးစုံသိမ်းပိုက်ခဲ့ပြီး ကုပ်သွေးစုပ် အမြတ်ထုတ်ခဲ့ကြသည်။ မြန်မာပြည်သူတို့သည် သူ့ကျွန်လက်အောက်တွင် ဆင်းရဲပင်ပန်းကြီးစွာ နေထိုင်ကြရပြီး သူ့ကျွန်လက်အောက်တွင် မနေလိုသော မျိုးချစ်ခေါင်းဆောင်ကြီးများ၏ ခေါင်းဆောင်မှုဖြင့် နယ်ချဲ့တို့ကို ရရာလက်နက်စွဲကိုင်ကာ တွန်းလှန်တိုက်ခိုက်ခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အင်္ဂလိပ်အခက် ဗမာအချက်ဟုဆိုကာ ဖက်ဆစ်ဂျပန်တို့နှင့်ပူးပေါင်း၍ နယ်ချဲ့တို့ကို မောင်းထုတ်ခဲ့လေသည်။ သို့ရာတွင် ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုသကဲ့သို့ ဖက်ဆစ်တို့သည်လည်း နယ်ချဲ့တို့နှင့်မခြား ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို တိုက်ထုတ်ခဲ့ရပြန်လေသည်။

ဖက်ဆစ်ပြေးသည့်အချိန်တွင် နောက်တစ်ကြိမ်ပြန်ဝင်လာသော နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးရန် အချိန်ဆွဲခဲ့ပြီး တောင်တန်းနှင့် ပြည်မအား သွေးခွဲအုပ်ချုပ်ခဲ့လေသည်။ လွတ်လပ်ရေးမပေး၍ မရသည့်အခြေအနေတွင် တောင်တန်းနှင့် ပြည်မကို ခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်လေသည်။ သို့သော် မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုနှင့် ပင်လုံကို သက်သေတည်လိုက်သဖြင့် နယ်ချဲ့တို့သည် ၎င်းတို့၏ ပက်စက်သောအကြံအစည်ကို စွန့်လွှတ်ခဲ့ကြရလေသည်။

## တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံချက်ပေးသော အောင်ဆန်း- အက်တလီ စာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့က လက်မှတ်ရေးထိုးခဲ့ကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မအကြား ရေကိုသားလျှင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့လေး၌ ပင်လုံညီလာခံကြီး ကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြပါသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တလုံးတစည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြလေသည်။

ထိုသို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့ပါသည်။ ပြည်ထောင်စုနေ့သည် ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ် ထားရှိပုံကို မီးမောင်းထိုးပြခဲ့သော သမိုင်းဝင်နေ့တစ်နေ့လည်းဖြစ်ပါသည်။

> ❖ **ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်မဆို နေထိုင်သည်ဖြစ်စေ၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးလေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်**
>
> ❖ **ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ မိမိတို့လူမျိုးများ မှီတင်းနေထိုင်ကြသော နိုင်ငံကိုကာကွယ်စောင့်ရှောက်လိုသော၊ နိုင်ငံကောင်းကျိုးကို သယ်ပိုးရွက်ဆောင်လိုသော၊ မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြတ်နိုးလေးစားသော မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ပေါ်တွင် အခြေခံကာ စည်းလုံးညီညွတ်စွာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံးက စုပေါင်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်**

## အတူတကွ မျှဝေခံစားကြရမည်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံမြို့၌ ပြုလုပ်သည့် စော်ဘွားများ ထမင်းစားပွဲတွင် "တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနှင့် ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်" ဟု တိုက်တွန်းပြောကြားခဲ့လေသည်။ ပြည်ထောင်စုကြီး တိုးတက်ဖို့ဆိုလျှင် တိုင်းရင်းသားများအားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးစားကြရန် လိုအပ်ပြီး ဖွံ့ဖြိုးတိုးတက်လာသည့် အသီးအပွင့်များကိုလည်း အားလုံးအတူတကွ မျှဝေခံစားကြရမည် ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင် ဖြစ်ပါသည်။

ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်မဆို နေထိုင်သည်ဖြစ်စေ၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးလေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်ပါသည်။

"တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား၊ ပြည်ထောင်စု၏ နှလုံးသား" ဟူသည့်အတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး သွေးစည်းညီညီ တွဲလက်ညီမှသာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့ငယ်ငယ်က သင်ကြားခဲ့ရသော "အဘိုးအိုနှင့် သားသုံးယောက်" ဖတ်စာတွင်လည်း အဘိုးအိုက သားသုံးယောက်ကို ထင်းစည်းဥပမာပေး၍ စည်းစည်းလုံးလုံးနေကြရန် ဆုံးမသကဲ့သို့ မြန်မာပြည်သူပြည်သားအားလုံးကလည်း ထင်းစည်းကဲ့သို့ စည်းစည်းလုံးလုံးနေကြရန် အလွန်အရေးကြီးလေသည်။ နွားကွဲလျှင် ကျားဆွဲနိုင်သည်ကို သတိပြုသင့်ပြီး ထင်းတစ်ချောင်းတည်းနေပါက အလွယ်တကူ ချိုးယူနိုင်ကြောင်း သိရှိမှတ်သားရလေသည်။ ကြက်သွန်ဖြူကဲ့သို့ စုစည်းနေထိုင်ကြရန် လိုအပ်သည်။

ယနေ့ခေတ်အခါသမယတွင် အင်အားကြီးသော နိုင်ငံများသည် အင်အားနည်းသော နိုင်ငံများကို တစ်ဖက်သတ် ဗိုလ်ကျစိုးမိုးလျက်ရှိသည်ကို ကျွန်ုပ်တို့အားလုံး သတိပြုသင့်ပေသည်။ နိုင်ငံငယ်များ၏ အရေးကိစ္စများတွင် ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဝင်ရောက်စွက်ဖက်လျက်ရှိပြီး အချင်းချင်းစိတ်ဝမ်းကွဲအောင် သွေးထိုးမြှောက်ပင့်ပေးလျက်ရှိလေသည်။ ယာလည်းညက်စေ၊ ကြက်လည်းပန်းစေ ဟူသော စကားပုံအရ ယာခင်းထဲတွင် ကြက်နှစ်ကောင် သတ်ပုတ်နေပြီး အချိန်ကြာလာလျှင် ယာခင်းလည်း ညက်ကာ ကြက်နှစ်ကောင်လုံး ပန်းလာလျှင် အဆင်သင့် အလွယ်တကူ ဖမ်းယူချက်စားနိုင်သည့် ကြောက်မက်ဖွယ်လုပ်ရပ်မျိုး ဖြစ်ပါသည်။

ရှေးယခင်ကကဲ့သို့ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်း မဟုတ်ဘဲ မိမိအလိုရှိသည့် နယ်ပယ်ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အနုပညာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ နယ်ပယ်ကို ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် လွှမ်းမိုးသိမ်းပိုက်လာခြင်းဖြစ်လေသည်။ မြန်မာ့ယဉ်ကျေးမှုကို မြန်မာတို့ကသာ ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပြီး မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်မလာရောက်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ မိမိတို့လူမျိုးများ မှီတင်းနေထိုင်ကြသော နိုင်ငံကိုကာကွယ်စောင့်ရှောက်လိုသော၊ နိုင်ငံကောင်းကျိုးကို သယ်ပိုးရွက်ဆောင်လိုသော၊ မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြတ်နိုးလေးစားသော မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ပေါ်တွင် အခြေခံကာ စည်းလုံးညီညွတ်စွာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံးက စုပေါင်းကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## သွေးစည်းညီညွတ်ရေးကို တည်ဆောက်

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ပြည်ထောင်စုအားမာန်ဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်ရေးကို တည်ဆောက်ခြင်းသည် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများတွင် အရေးအကြီးဆုံးပင် ဖြစ်လေသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံးက မခိုမကပ်ဘဲ ကြိုးစားရန်းကန်တည်ဆောက်ကြရပေမည် ဖြစ်ပါသည်။ **ပြည်နယ်ပြည်မ တွဲလက်ကူ၊ တာဝန်ဟူသမျှ ခွဲယူကြ**ဆိုသည့်အတိုင်း စုပေါင်းညီညာ ကြိုးပမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသူနိုင်ငံသားအားလုံး၏ အခက်အခဲများသည်လည်း လျော့ပါးသက်သာလာမည် ဖြစ်ပါသည်။

တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ပြသော ပြယုဂ်တစ်ခုမှာ ပင်လုံစာချုပ်ဖြစ်ပြီး ပင်လုံစာချုပ်သည် လွတ်လပ်ရေး၏ အခြေခံရေသောက်မြစ် ဖြစ်လေသည်။ ပင်လုံစာချုပ်၊ လွတ်လပ်ရေးကျောက်တိုင်ဟု ဆိုလျှင်လည်း ပြည်ထောင်စုသားအားလုံး၏ အောင်မြင်မှု မှတ်တိုင်ပင် ဖြစ်လေသည်။

**"နှင်းရင်နုမှ၊ သဇင်လှကို**
**မြင်ရကြုံရ၊ ဆောင်းအမြမှာ**
**မဟာအောင်ခြင်း၊ စည်းလုံးခြင်းဖြင့်**
**သွေးချင်းကိုယ်သား၊ တို့ပိုင်ထားသည်**
**တရားမျှတလွတ်လပ်ခြင်း"** ဟူသည့် ကဗျာဆရာကြီး နောင်၏ "နှင်းကို မြင်ခိုက်" ကဗျာတွင် စည်းလုံးခြင်းနှင့် လွတ်လပ်ခြင်းတို့အတူ ရယူပိုင်ဆိုင်ခဲ့ပုံကို ကြည်နူးပီတိဖြစ်စွာ တွေ့မြင်ရသည်။

## ကျေးဇူးတရားကို စောင့်သိရိုသေကြရမည်

နောင်လာနောက်သားများအနေဖြင့် စည်းလုံးမှု၏ တန်ဖိုးကို သိနားလည်၍ နောင်ခေတ် အဆက်ဆက်တွင်လည်း ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ ပြည်ထောင်စုတိုင်းရင်းသားအပေါင်းတို့သည် စည်းလုံးခြင်းလောက် ကြီးမားခိုင်ခံ့သော အင်အားသည် မရှိဟု ယူဆကာ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အမိနိုင်ငံတော်၏ ကျေးဇူးတရားကို စောင့်သိရိုသေကြရမည် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော **"စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းရင်း ဖြစ်သည်"** ဟူသည့်အတိုင်း စည်းလုံး ညီညွတ်မှု၊ နားလည်ခွင့်လွှတ်တတ်မှုတို့ဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူအားလုံး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလျက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုအပ်ပါသည်။ ။

# MSME လုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံလာရင်ဖြစ်ဖြစ်၊ လုပ်ငန်းတွေ ပိုမိုချဲ့ထွင်နိုင်ဖို့ ဒေသထွက်ကုန်ကြမ်းသစ်တွေကနေ နည်းပညာအသစ်အဆန်းတွေ အသုံးချပြီး မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ရင်ပဲဖြစ်ဖြစ် One Stop Service ကောင်တာမှာ တာဝန်ရှိသူတွေနဲ့ မေးမြန်းဆွေးနွေး ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်

**(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပြသ၍ နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့်** အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်း ရေးသားတင်ပြလိုက်ရပါသည်-

**မေး ။ ။ MSME ပြပွဲမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပါဝင်ပြသရာမှာ MSME လုပ်ငန်းတွေကို အထောက်အကူပြုနိုင်ဖို့ ဘယ်လိုစီမံပြသထားတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းမှာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနနဲ့ အဏုမြူစွမ်းအင်ဦးစီးဌာန စတဲ့ ဌာနသုံးခုပေါင်းစပ်ပြီး ပြကွက်ပေါင်း ၁၂ ကွက်ကို "ထုတ်ကုန်အရည်အသွေးမြှင့်တင်ဖို့ စံချိန်စံညွှန်းနဲ့အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြပါစို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စီစဉ်ပြသလျက်ရှိပါတယ်။

ဒီလို ပြသမှုတွေကနေ ပြည်ပသွင်းကုန်အစားထိုးပြီး MSME ထုတ်ကုန်တွေကို ပြည်သူတွေ ဘေးကင်းကောင်းမွန်စွာ သုံးစွဲနိုင်ဖို့၊ ပြည်တွင်းဖူလုံနိုင်မှုမှသည် ပြည်ပပို့ကုန်မြှင့်တင်နိုင်ပြီးတော့ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့ နိုင်ငံတော်က ရည်ရွယ်ထားပါတယ်။

ဒါကြောင့် ပြည်တွင်းဈေးကွက်ထဲမှာ မင်းမူနိုင်ရုံနဲ့ အဆင်မပြေဘူး။ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ဖို့ GDP တိုးမြှင့်နိုင်ဖို့ MSME ထုတ်ကုန်လုပ်ငန်းတွေကို နိုင်ငံတကာဈေးကွက်အထိ ချဲ့ထွင်ထိုးဖောက်နေရာယူနိုင်ဖို့ လိုပါတယ်။ အဲဒီလို ထိုးဖောက်နေရာယူနိုင်ဖို့ နိုင်ငံတကာကုန်စည်ပြပွဲတွေမှာ ပြသနိုင်ဖို့ရယ် အွန်လိုင်းပလက်ဖောင်းတွေမှာ ဘရန်းတွေ ပေါက်အောင်လုပ်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့ အဆင့်မြင့်စက်မှုကုန်ထုတ်နည်းပညာတွေ အသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

**မေး ။ ။ ဒီလို နိုင်ငံတကာဈေးကွက်မှာ တခြားနိုင်ငံက ထုတ်ကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့ ဝန်ကြီးဌာနက ဘယ်လို အားဖြည့်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ ပြည့်မီဖို့၊ အရည်အသွေးအာမခံချက်တွေ ခိုင်မာအားကောင်းနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြခန်းမှာ စံနှုန်းအရည်အသွေးတွေ ပြည့်မီအောင် ထုတ်လုပ်နိုင်ဖို့ ဘာတွေလိုအပ်တယ်ဆိုတာ၊ အရည်အသွေးထောက်ခံချက်ရရှိဖို့ စမ်းသပ်စစ်ဆေးတဲ့အခါနဲ့ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှာ အတိုင်းအတာတွေကို စံနှုန်းတွေနဲ့အညီ တိကျမှန်ကန်စွာ ဘယ်လိုတိုင်းတယ်ဆိုတာ ပြသထားပြီး သိရှိလိုတာတွေကို မေးမြန်းဆွေးနွေးနိုင်ပါတယ်။

ပြီးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ သုတေသနစီမံကိန်းရလဒ်တွေကနေ နည်းပညာတွေ လွှဲပြောင်းရယူနိုင်တယ်။ အဲဒီအတွက် လာရောက်လေ့လာတဲ့ MSME လုပ်ငန်းရှင်တွေ သူတို့လိုအပ်တဲ့ နည်းပညာတွေ တောင်းခံဖို့ ဆောင်ရွက်ဖို့ လိုအပ်တာတွေကို ပြခန်းမှာ ရှင်းရှင်းလင်းလင်း ပြသထားတယ်။ ပြခန်းမှာပဲ လေ့လာသူတွေက တောင်းခံလာတဲ့အခါ လုပ်ထုံးလုပ်နည်းနဲ့အညီ နည်းပညာပံ့ပိုးပေးနိုင်ဖို့ One Stop Service ကောင်တာကိုလည်း ဖွင့်လှစ်ထားပါတယ်။

ဒီကောင်တာမှာ လုပ်ငန်းတွေအတွက် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ သက်ဆိုင်ရာဦးစီးဌာနတွေက ဝန်ဆောင်မှုတွေ ပေးပါတယ်။ ဝန်ဆောင်မှုအလိုက် ကြာမြင့်မယ့်ကာလ၊ နည်းပညာဆိုင်ရာ အကြံပြုချက်တွေကို မေးမြန်းဆွေးနွေးနိုင်တဲ့အပြင် သက်ဆိုင်ရာဒေသအလိုက် သင်တန်းပို့ချပေးဖို့ လိုအပ်ရင်လည်း ညှိနှိုင်းတောင်းခံနိုင်ပါတယ်။

**မေး ။ ။ ပြခန်းမှာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရဲ့ MSME အထောက်အကူပြု ပြသထားမှုတွေကို ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ အဓိကကတော့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံစနစ်က မဟာဗျူဟာမဏ္ဍိုင်ဖြစ်ကြောင်း မီးမောင်းထိုးပြသထားပါတယ်။ ဒီစနစ်ရဲ့ အဓိကလုပ်ငန်းစဉ်ငါးရပ်ဖြစ်တဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ တိကျစွာတိုင်းတာခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းနဲ့ အသိအမှတ်ပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ နည်းပညာလွှဲပြောင်းမှုနဲ့ သုတေသနလုပ်ငန်းဆိုင်ရာ ပြကွက်တွေကို ခင်းကျင်းပြသထားပါတယ်။

တိကျစွာ တိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ) ပြကွက်မှာ ISO/IEC စံချိန်စံညွှန်းတွေနဲ့အညီ တည်ထောင်ထားမှုတွေ၊ သိပ္ပံက ဓာတ်ခွဲခန်း ခုနစ်ခုအကြောင်း၊ မြန်မာနိုင်ငံရဲ့ ပထမဆုံး ISO/IEC 17025: 2017 နိုင်ငံတကာအသိအမှတ်ပြုမှု လက်မှတ်ရရှိထားတဲ့ ဒြပ်ထုတိုင်းတာဓာတ်ခွဲခန်းနဲ့ ဆန်စပါးစိုထိုင်းဆ တိုင်းတာမှုတွေကို ပြသထားပါတယ်။

ပြီးတော့ မြန်မာစံချိန်စံညွှန်းစာအုပ်တွေကိုလည်း ပြည်သူတွေ ဗဟုသုတတိုးပွားအောင်နဲ့ MSME လုပ်ငန်းရှင်တွေ အသုံးပြုနိုင်ဖို့အတွက် ရောင်းချပေးလျက်ရှိပါတယ်။ အရင်က မြန်မာစံချိန်စံညွှန်း ၄၃၉ ခုပဲ ရှိခဲ့ပါတယ်။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မြန်မာစံချိန်စံညွှန်း ၄၅၀ ကို တိုးမြှင့်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ မြန်မာစံချိန်စံညွှန်း ၈၈၉ ခုအထိ သတ်မှတ်ပြဋ္ဌာန်းနိုင်ပြီဖြစ်တဲ့အတွက် သိသိသာသာ တိုးတက်လာတာကိုလည်း တွေ့ရပါတယ်။ မြန်မာစံချိန်စံညွှန်းရောင်းချပြီး နိုင်ငံတော်ဘဏ္ဍာကို ပေးသွင်းငွေတွေလည်း သိသာစွာတိုးတက်လာတယ်။ ဓာတ်ခွဲခန်းတွေမှာ လုပ်ငန်းရှင်တွေ လာရောက်စမ်းသပ်တဲ့ အကြိမ်အရေအတွက်နဲ့ နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းငွေတွေလည်း သိသာစွာ တိုးပွားလာတာတွေ တွေ့ရပါတယ်။

၂၀၂၁ ခုနှစ်ကစလို့ MSME ဖွံ့ဖြိုးတိုးတက်လာတဲ့ ပြည္ဍန်းကိန်းအနေနဲ့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနက လုပ်ငန်းရှင်တွေထံ နည်းပညာလွှဲပြောင်းနိုင်မှုအရေအတွက်ကို လေ့လာကြည့်ရင် အရင်က နည်းပညာလွှဲပြောင်းနိုင်မှု ၂၉ ခုသာရှိရာကနေ လက်ရှိမှာ ၆၂ ခုရှိလာပြီဖြစ်လို့ အခု နိုင်ငံတော်အစိုးရလက်ထက်မှာ နည်းပညာလွှဲပြောင်းနိုင်မှု ၃၃ ခု တိုးတက်လာတာ ဖြစ်ပါတယ်။

အဲဒီ နည်းပညာလွှဲပြောင်းမှုပြကွက်မှာ MSME လုပ်ငန်းရှင်တွေဆီ နည်းပညာလွှဲပြောင်းပေးခဲ့ပြီး ဒေသထွက် ကုန်ကြမ်းအခြေပြုဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းတွေကို ပြသထားပါတယ်။ သုတေသနလုပ်ငန်းတွေအနေနဲ့ ဝါး၊ သစ်အလေအလွင့်၊ အုန်းဖိုင်ဘာဆိုင်ရာ သုတေသနထုတ်ကုန်ပစ္စည်းတွေနဲ့ MSME လုပ်ငန်းသုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုဆိုင်ရာ ပစ္စည်းတွေကိုလည်း ပြသထားတာဖြစ်ပါတယ်။ ပြီးတော့ အစားအစာတီထွင်ဆန်းသစ်မှုဌာန (Food Innovation Center) ရဲ့ ကုန်ကြမ်းပေး၊ ကုန်ချောယူဝန်ဆောင်မှုလုပ်ငန်းတွေကိုပါ ပြသထားပါတယ်။

ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ နည်းပညာပံ့ပိုးပေးဖို့ တောင်းခံလာရင်ဖြစ်ဖြစ်၊ လုပ်ငန်းတွေ ပိုမိုချဲ့ထွင်နိုင်ဖို့ ဒေသထွက်ကုန်ကြမ်းသစ်တွေကနေ နည်းပညာအသစ်အဆန်းတွေ အသုံးချပြီး မြှင့်တင်ဆောင်ရွက်ဖို့ လိုအပ်ရင်ပဲဖြစ်ဖြစ်၊ သင်တန်းပို့ချဖို့ပဲဖြစ်ဖြစ် One Stop Service ကောင်တာမှာ တာဝန်ရှိသူတွေနဲ့ မေးမြန်းဆွေးနွေး ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်။

**မေး ။ ။ ဇီဝနည်းပညာသုတေသနဦးစီးဌာနရဲ့ ပြကွက်ရဲ့ MSME ဝန်ဆောင်မှုတွေကို သိပါရစေ။**

ဖြေ ။ ။ ဇီဝနည်းပညာသုတေသနဦးစီးဌာနရဲ့ ဇီဝနည်းပညာထုတ်ကုန်ပြကွက်မှာ လက်ရှိထုတ်လုပ်ရောင်းချနေတဲ့ ဇီဝထုတ်ကုန် (၆)မျိုးဖြစ်တဲ့ ရွှေစိမ်း(အပင်အားတိုးဆေး)၊ ရွှေဆည်ရည် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုး ကာကွယ်ဆေး)၊ ရွှေပိုးနှင် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုးကာကွယ်ဆေး)၊ ရွှေဇီဝ (အကျိုးပြု အဏုဇီဝပိုးတွေပါသော ဇီဝမြေဩဇာ)၊ တစ်သျှူးမျိုးပွားအပင်တွေ (နဂါးမောက်၊ တစ်ပင်တိုင်မြနန်း၊ ရွှေနီ၊ ဖီးကြမ်း၊ ခွံဝါ တစ်သျှူးငှက်ပျော၊ နာနတ်၊ မြန်မာသစ်ခွ၊ ပိန်းပန်း)၊ Green-Tricho ဇီဝမှိုသတ်ဆေး (မြေတွင်းအောင်းမှိုသတ်ဆေး၊ မြေဆောင်၊ လေဆောင်၊ အစေ့ဆောင်မှို) စတာတွေကို ပြသထားပြီး ဝယ်ယူအားပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်။

ဒါ့အပြင် နည်းပညာလွှဲပြောင်းပေးဖို့ရှိတဲ့ ဇီဝထုတ်ကုန် (၅)မျိုးဖြစ်တဲ့ အကျိုးပြုအဏုဇီဝပိုးတွေပါတဲ့ ဇီဝမြေဩဇာခဲ၊ ရှားစောင်းဆပ်ပြာ (အသားအရေထိန်းသိမ်းဆပ်ပြာ)၊ သစ်ခွဆပ်ပြာ၊ အာဟာရပြည့်ဝပြီး ဈေးနှုန်းသက်သာတဲ့ ပြည်တွင်းကုန်ကြမ်းနဲ့ ထုတ်လုပ်တဲ့ ငါးစာ၊ လက်ဖက်စိမ်းဖျော်ရည် စတာတွေလည်း ပြသထားပါတယ်။

ဒါတွေနဲ့ ပတ်သက်ပြီး နည်းပညာပံ့ပိုးပေးတဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်နိုင်တဲ့အပြင် ရေအရည်အသွေးမြှင့်တင်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေး-မွေးမြူရေးလုပ်ငန်းတွေ၊ တိုင်းရင်းဆေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဇီဝနည်းပညာပံ့ပိုးပေးတဲ့ ဝန်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနိုင်ပါတယ်။ ဇီဝနည်းပညာသင်တန်းတွေ ဒေသအလိုက် ပို့ချပေးဖို့လိုအပ်ရင်လည်း ချိတ်ဆက်ညှိနှိုင်းတောင်းခံနိုင်ပါတယ်။

**မေး ။ ။ အဏုမြူစွမ်းအင်ဦးစီးဌာနရဲ့ ပြကွက်ကိုလည်း သိပါရစေ။**

ဖြေ ။ ။ အဏုမြူစွမ်းအင်ဦးစီးဌာနရဲ့ ပြကွက်မှာ နျူကလီးယားနည်းပညာကို အသုံးချပြီး MSME ထုတ်ကုန်တွေကို အရည်အသွေးနဲ့ တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံတွေကို အဓိကပြသထားပါတယ်။ ဂမ္မာဓာတ်ရောင်ခြည်ပေးပြီး ဝန်ဆောင်မှုလုပ်ငန်း (၇) မျိုးကို ယေဘုယျအားဖြင့် ဆောင်ရွက်နိုင်တယ်။

ဒါတွေကတော့ အစားအစာတွေဘေးအန္တရာယ် ကင်းရှင်းစေတာနဲ့ တာရှည်ခံတာ၊ စက်မှုထုတ်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဝိုင်ယာကြိုးတွေ၊ Polythylene Foam Pipe တွေရဲ့ ဂုဏ်သတ္တိအရည်အသွေး တိုးတက်မြှင့်တင်လာစေတာ၊ စိုက်ပျိုးရေးအထောက်အကူပြုလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေလျှော့ချရေးမှာ အထောက်အကူဖြစ်စေတာ၊ သဘာဝတွင်းထွက် ကျောက်မျက်တွေရဲ့ အရည်အသွေးမြှင့်တင်တာ၊ ရေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေရဲ့ အရည်အသွေးမြှင့်တင်တာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဖြစ်ပါတယ်။

အဓိကကတော့ လာရောက်လေ့လာကြတဲ့ ပြည်သူတွေအနေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာ အသုံးချမှုဆိုင်ရာ အသိအမြင်ဗဟုသုတတွေရရှိအောင်၊ MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း နျူကလီးယားနည်းပညာကိုအသုံးချပြီး လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ အမြင်သစ်တွေရအောင် ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ပြခန်းအသီးသီးမှာ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနတွေနဲ့ လုပ်ငန်းရှင်တွေကို တစ်ထိုင်တည်း ချိတ်ဆက်ဆောင်ရွက်ပေးတယ်။ ဝန်ဆောင်မှုပေးတယ်။ ဒါကြောင့် လာရောက်လေ့လာကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း၊ ဓာတ်ပုံ - ကိုကြီးထိန်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အထူးစည်ကားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များကို နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်အနီးရှိ တပေါင်းကွင်း၌ ဒုတိယနေ့အဖြစ် ဆက်လက်ပြသ ရောင်းချလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ လာရောက်လေ့လာကြပြီး အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် ပြပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များသည်လည်း စိတ်ဝင်စားစွာဖြင့် လာရောက် လေ့လာကြသည်ကို တွေ့ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ထုတ်ကုန်ပြခန်းအလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသ၏ အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဒေသအလိုက် ရိုးရာအစားအစာများနှင့် MSME ထုတ်ကုန်များကို အများပြည်သူ စိတ်ဝင်တစား လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် အတွက် လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ပြခန်း လာရောက်လေ့လာကြသူများကို ပြခန်းအလိုက် တာဝန်ရှိသူများက သတင်းအချက်အလက်နှင့် နည်းပညာများ၊ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် စံအရည်အသွေးသတ်မှတ်ချက်များနှင့် ဒေသထွက်ကုန်ကြမ်းများအပေါ် အခြေခံပြီး စွန့်ဦးတီထွင် လုပ်ငန်းဆိုင်ရာ အမြင်သစ်များကို အသိပညာပေး ဆွေးနွေးမှုဝေပေးလျက်ရှိရာ လုပ်ငန်းရှင်များအပြင် သိရှိလိုသမျှ လေ့လာမေးမြန်းကြသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသား ရိုးရာအစားအစာ အရောင်းပြခန်းများ၌ ဒေသထွက်အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက် ဝယ်ယူစားသုံးနိုင်ရန် အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် လာရောက် ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ကုန်ထုတ်သမဝါယမ အသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာ ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ပြပွဲလာကြသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြ ဖျော်ဖြေကြရာ ပြည်သူအများအပြား ပါဝင်ဆင်နွှဲလျက်ရှိကြောင်းနှင့် ယနေ့တွင် ရုပ်နီး/ရုပ်ဝေးမှ လာရောက် လည်ပတ် လေ့လာကြသူများ၊ ဒေသအလိုက် ထွက်ကုန်များနှင့် ရိုးရာအစားအစာများအား နှစ်သက်စွာဝယ်ယူသုံးဆောင်၍ လာရောက်အပန်းဖြေကြသူများ၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်း ချိတ်ဆက်မှုများတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြသည့် လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။ လာရောက် လည်ပတ်ကြသူများ အနေဖြင့် လူဦးရေ ၅၅၅၀ ကျော်၊ မော်တော်ယာဉ် အစီးရေ ၇၀၀ ခန့်နှင့် မော်တော်ဆိုင်ကယ်အစီးရေ ၄၀၀ ခန့်အထိရှိကြောင်း သတင်းရရှိသည်။ **အောင်မင်းဂျိုင်း**

**ဓာတ်ပုံ - ဖိုးပြည့်စုံ**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လွိုင်လင်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**လွိုင်လင် ဖေဖော်ဝါရီ ၁၁**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန Class A လမ်းကြီးကြပ်ရေးအဖွဲ့၊ လွိုင်လင်ခရိုင်မှ ဆောင်ရွက်ခဲ့သည့် လွိုင်လင် -တောင်ကြီး ပထစ - ပန်ဝိုး- ဝါးတော- နောင်တောင်း - နောင်ဟူးလမ်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ လမ်းထိပ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် လမ်းဦးစီးဌာန Class A လမ်းကြီးကြပ်ရေးအဖွဲ့ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနိုင်ဝင်းအောင်က လမ်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပန်ဝိုးကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(အောက်ပုံ)

အဆိုပါ လွိုင်လင်-တောင်ကြီး ပထစ - ပန်ဝိုး - ဝါးတော - နောင်တောင်း - နောင်ဟူးလမ်းသည်ကတ္တရာလမ်းဖြစ်ပြီး လမ်းအရှည်မှာ (၅/၂) မိုင်၊ အကျယ် ၁၂ ပေရှိကြောင်းသိရသည်။ **လွိုင်လင်မိုး**






## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၁**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပထမနှစ်သင်တန်း (၁၁/၂၀၂၄) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဥပဒေချုပ်၊ ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက တက္ကသိုလ်၏ တေးဂီတဝိုင်းဖြစ်သော “Bright Smile” အဖွဲ့ဖြင့် တေးသီချင်းများ သီဆိုဖျော်ဖြေခြင်း၊ တက္ကသိုလ်၏ “မန်းဒန္တိ”အငြိမ့်မှ ဖျော်ဖြေခြင်း၊ တေးသရုပ်ဖော် တင်ဆက်မှုများ၊ ရှမ်းရိုးရာအက၊ ချင်းရိုးရာအကများ၊ King and Queen ရွေးချယ်ခြင်း Mr & Ms Smile (ပြုံးအလှပိုင်ရှင်) ရွေးချယ်ခြင်း၊ ပညာသင်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာ ဌာနမှူးများက ဆုချီးမြှင့်ခြင်းနှင့် သကြံန်ယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။(အပေါ်ပုံ) **သတင်းစဉ်**

## ပခုက္ကူမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့်စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ပခုက္ကူ ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉နာရီက ပခုက္ကူမြို့ လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာမအသွင်ဆန်း (ပခုက္ကူ) က “စာအုပ်စာပေ ချစ်မြတ်နိုးတတ်စေချင်”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ သုခဆွေ (ပညာရေး) က “ပန်းကလေးများ ပွင့်လန်းစေ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ နေဦးမောင်က “လူငယ်နှင့်စာဖတ်ခြင်း”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အောင်ဝင်း (မျိုးချစ်သူ-ရေစကြိုသား) က “ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ရွှေဘိုမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲများ ကျင်းပ

**ရွှေဘို ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၆ ရက်မှစတင်ကာ ရန်ကြီးအောင်အားကစားခန်းမ၌ ကျင်းပလျက်ရှိသည်။(ယာပုံ)

ပြိုင်ပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ခံက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဌာနဆိုင်ရာအသင်းပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒီပြပွဲမှာ MSME လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုလွယ်ကူအောင် ချိတ်ဆက်ဆောင်ရွက်ပေးနေတဲ့အတွက် ဒီအခွင့်အရေးကိုအမိအရယူပြီး ဆောင်ရွက်ကြပါ

**ဒေါက်တာသက်လွင်ဦး(ညွှန်ကြားရေးမှူး)**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိရာ လာရောက်ပြသရောင်းချလျက်ရှိသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် -


ဒေါက်တာသက်လွင်ဦး


ဦးစန်းကို


ဦးဇော်ဝင်းစိုး


ကိုဇော်မင်းခိုင်


မသဲစုအောင်

**ဒေါက်တာသက်လွင်ဦး (ညွှန်ကြားရေးမှူး) လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ကျွန်တော်တို့ ပြခန်းကတော့ ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးကလာပြီး ပါဝင်ပြသတဲ့ MSME လုပ်ငန်းရှင်တွေ ဈေးကွက်ရရှိဖို့၊ ပြည်ပကို ကုန်ပစ္စည်းတွေ တင်ပို့နိုင်ဖို့၊ ရင်းနှီးမတည်ငွေတွေ ချိတ်ဆက်ရရှိနိုင်ဖို့နဲ့ အစိုးရဝန်ကြီးဌာနတွေနဲ့ ဆက်စပ်ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေကို One Stop Service ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဖွင့်လှစ်ပေးထားတာဖြစ်ပါတယ်။ ပထမဆုံး ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုအပိုင်းမှာ လက်လီလက်ကား လုပ်ငန်းရှင်တွေ City Mart၊ Asia Light၊ ဂမုန်းပွင့်စသဖြင့် ကုန်တိုက်ပေါင်း ၁၂ ခုနဲ့ချိတ်ဆက်ပြီးတော့ လုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ ပစ္စည်းတွေကို တင်ပြီးတော့ ရောင်းချင်တယ်ဆိုရင် သူတို့ပစ္စည်းတွေကို လာပြီးတော့ ချိတ်ဆက်ဆောင်ရွက်နိုင်ပါတယ်။ ပြည်ပဈေးကွက် ချိတ်ဆက်မှုမှာတော့ တင်ပို့ရောင်းချလိုတဲ့ နိုင်ငံတွေပေါ်မူတည်ပြီး အဲဒီမှာရှိနေတဲ့ စီးပွားရေးသံမှူးတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီးတော့ လုပ်ငန်းရှင်တွေက သူတို့ရဲ့ထုတ်ကုန်တွေရဲ့ ဈေးကွက်အခြေအနေတွေ တင်ပို့မယ်ဆိုရင် ဘာတွေလိုအပ်မလဲဆိုတာတွေကို အကြံပြုတယ်၊ ဈေးကွက်ရရှိဖို့အတွက် ကူညီဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ တတိယအပိုင်းကတော့ ရင်းနှီးမတည်ငွေ ချိတ်ဆက်မှု လုပ်ငန်းမှာတော့ အားလုံးပေါင်း ဘဏ်ရှစ်ခုနဲ့ ချိတ်ဆက်ပေးမှာ ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေက ထုတ်ကုန်အရည်အသွေး တိုးမြှင့်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေအတွက် ဘဏ်ချေးငွေရရှိဖို့ တစ်ခါတည်း ချိတ်ဆက်နိုင်အောင် ဆောင်ရွက်ပေးပါတယ်။ အစိုးရဌာနဆိုင်ရာတွေအနေနဲ့ မူပိုင်ခွင့်ဦးစီးဌာနကနေ မူပိုင်ခွင့်လျှောက်ထားရမယ့် လုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီမှတ်ပုံတင်မယ့် ကိစ္စတွေ၊ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးထုတ်ကုန်တွေအတွက် လိုအပ်တဲ့ ထောက်ခံချက်တွေ၊ စံချိန်စံညွှန်း သတ်မှတ်ချက်တွေ ရရှိဖို့လုပ်ငန်းစဉ်တွေနဲ့ MSME လုပ်ငန်းအများစုက စားသောက်ကုန်ထုတ်လုပ်ငန်းတွေ ဖြစ်တဲ့အတွက် အဲဒီထုတ်ကုန်တွေကို ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ တင်ပို့မယ်ဆိုရင် လိုအပ်တဲ့ ထောက်ခံချက်တွေ ရရှိဖို့အတွက်နဲ့ လျှောက်ထားပြီး ကြန့်ကြာနေတာတွေကိုလည်း အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုဦးစီးဌာနတွေကနေ တစ်ပြိုင်တည်း ဖြေရှင်းဆောင်ရွက် ပေးနေပါတယ်။ နောက်ထပ် ကုန်သွယ်ရေးဦးစီးဌာနကနေလည်း သွင်းကုန်၊ ထုတ်ကုန် မှတ်ပုံတင်ဆောင်ရွက်တာတွေ၊ မူရင်းဒေသထောက်ခံချက်(Country of Origin) မှတ်ပုံတင်တာနဲ့ အွန်လိုင်းဈေးရောင်းဝယ်မှုတွေကို မှတ်ပုံတင်တာတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။ ဒီပြပွဲကာလမှာ တစ်နိုင်ငံလုံးက MSME တွေအတွက် ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရုံသာမက ပြည်ပဈေးကွက်အထိ သွားနိုင်ဖို့အထိ ဒီမှာ One Stop Service နဲ့ လုပ်ပေးနေတာ ဖြစ်ပါတယ်။ ဒီပြပွဲကာလမှာ MSME လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုလွယ်ကူအောင် ချိတ်ဆက်ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် ဒီအခွင့်အရေးကို အမိအရယူပြီး ဆောင်ရွက်ကြပါလို့ ပြောကြားလိုပါတယ်။

**ဦးစန်းကို(ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး)**

ကျွန်တော်တို့ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းမှာ ကရင်ဒေသ ထွက်ကုန်ပစ္စည်းအမျိုးအစား (၇၆) မျိုးကို စုစည်းပြီးတော့ ပြသထားပါတယ်။ အဓိကအနေနဲ့ကတော့ ဒေသအရင်းအမြစ် ကုန်ကြမ်းတွေနဲ့ ထုတ်လုပ်တဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေဖြစ်တဲ့ သစ်မွှေးနဲ့ သဘာဝမြေဩဇာ ထုတ်ကုန်တွေအပြင် ကရင်ပြည်နယ်ရဲ့ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အနေနဲ့ ဆောင်ရွက်နေတဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်က ရော်ဘာ၊ ဘားအံမြို့နယ်က ဆန်စပါး၊ သံတောင်ကြီးမြို့နယ်က ကော်ဖီတွေကို ပြိုင်ပွဲမှာလည်း သုံးခုစလုံးဝင်ပြိုင်ထားပါတယ်။ ဒီလိုပြပွဲ၊ ပြိုင်ပွဲတွေကနေတစ်ဆင့် ဒေသအရင်းအမြစ်တွေကနေ ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို တစ်နိုင်ငံလုံးမှာရှိတဲ့ လုပ်ငန်းရှင်တွေကို သိစေချင်တယ်၊ ဈေးကွက်ရရှိဖို့အတွက် စီးပွားရေးလုပ်ငန်း အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့လည်း မျှော်လင့်တယ်။ ပြိုင်ပွဲမှာလည်း ယှဉ်ပြိုင်တဲ့ ထုတ်ကုန်တွေရဲ့ အရည်အသွေးနဲ့ စံချိန်စံညွှန်းတွေကိုစံထားပြီးတော့ ပြိုင်တာဖြစ်တဲ့အတွက် ဆုရချင်းမရချင်းထက် အခြားသော နိုင်ငံဒေသအသီးသီးက လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေကိုလည်း လေ့လာပေါင်းစပ်ပြီး ကိုယ့်ပြည်နယ်မှာလည်း အခုထက် ပိုမိုကောင်းမွန်တဲ့ နည်းပညာမြင့်၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်သွားနိုင်ဖို့အတွက်လည်း ပညာယူနိုင်တယ်။

**ဦးဇော်ဝင်းစိုး (Business Development Director)Super Seven Stars Green Energy ကုမ္ပဏီ**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ပတ်သက်တဲ့ ထုတ်ကုန်ပစ္စည်းတွေဖြစ်တဲ့ တစ်ကီလိုဝပ်ကနေ ၅၀ ကီလိုဝပ် အိမ်သုံးအသေးစား ဆိုလာလျှပ်စစ်မီးပေးစနစ်၊ ဆေးရုံတွေ၊ စက်မှုလုပ်ငန်းတွေ၊ စာသင်ကျောင်းတွေနဲ့ အခြားသော စီးပွားရေးလုပ်ငန်းသုံး ၈၀ ကီလိုဝပ်အထက် ၉၀ ကီလိုဝပ် အလတ်စားဆိုလာမီးပေးစနစ်နဲ့ တစ်မဂ္ဂါဝပ်ကနေ အထက် ၃၅ မဂ္ဂဝါဝပ်၊ ၆၀ မဂ္ဂါဝပ် အစရှိတဲ့ စက်ရုံကြီးတွေ၊ မြို့နယ်အလိုက် မဟာဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အကြီးစား စက်မှုလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားပေးစနစ် စတဲ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လုပ်ငန်းနယ်ပယ်သုံးရပ်အတွက် ထုတ်ကုန်ပစ္စည်းတွေကို ပါဝင်ပြသတာဖြစ်ပါတယ်။ အထူးအစီအစဉ်အနေနဲ့ကတော့ Battery Energy Storage System – BESS လို့ခေါ်တဲ့ နေရောင်ခြည်စွမ်းအင်ကို အလိုအလျောက် သိုလှောင်ထိန်းသိမ်းအသုံးပြုတဲ့ ကိရိယာကို မိတ်ဆက်ပြသထားပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင် ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့အနေနဲ့လည်း ကျေးလက်ဒေသတွေအတွက် အိမ်သုံးလျှပ်စစ်နဲ့ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ အသုံးပြုနိုင်ဖို့အတွက် ထုတ်ကုန်ပစ္စည်းတွေအနေနဲ့ ဆိုလာရေတင်စနစ်၊ အလိုအလျောက် မီးငြိမ်းသတ်စနစ်တွေအပြင် Portable Power Station ဝပ် ၈၀၀၊ ၁၂၀၀၊ ၂၀၀၀၊ ၂၂၀၀ အမျိုးအစားလေးမျိုး ပြသရောင်းချပေးနေပါတယ်။ သူနဲ့တွဲဆက်အသုံးပြုရမယ့် ဆိုလာဓာတ်အားပေးစနစ်တွေလည်း ပါဝင်ပြသထားပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကိုးမျိုးရှိတဲ့အထဲမှာ နေရောင်ခြည် စွမ်းအင်ဟာ အကောင်းဆုံးဖြစ်ပါတယ်။ အဓိကကတော့ ကုန်ကျစရိတ်သက်သာတယ်၊ တည်ဆောက်ရတာ မြန်တယ်၊ ၂၄ နာရီစွမ်းအားပြည့်ရရှိဖို့ စနစ်တကျ သိုလှောင်အသုံးပြုနိုင်တယ်၊ စီးပွားရေးလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်မယ့်အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပါတယ်။ အခုအချိန်ဟာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ခေတ်ကို ရောက်ရှိနေပြီ ဖြစ်တာကြောင့် Green Energy မှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုတိုးတက်လာတာနဲ့ အတူ ကာဗွန်လျှော့ချဖို့နဲ့ သစ်တောပြုန်းတီးမှုလျှော့ချနိုင်ဖို့၊ ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာသစ်တွေနဲ့အတူ လူနေမှုဘဝ မြှင့်တင်ပေးဖို့နဲ့ နိုင်ငံတော်တည်ဆောက်ရေး၊ စီးပွားရေးနဲ့ နည်းပညာဖွံ့ဖြိုးရေးအတွက် အကျိုးရလဒ်ကောင်းတွေ အများကြီးရရှိနိုင်ပါတယ်။

**ကိုဇော်မင်းခိုင်(မကွေးတိုင်းဒေသကြီးပြခန်း)Good & Right ဖန်ခါးဝိုင်ထုတ်လုပ်ရေးလုပ်ငန်း**

မကွေးတိုင်းဒေသကြီးထွက် ဖန်ခါးဝိုင်ကို ပြည်တွင်းသာမက ပြည်ပအထိ ဈေးကွက်ထိုးဖောက်ဖို့ ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ပြီး အခုလို (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲမှာ လာရောက်ပြသရောင်းချပေးတာ ဖြစ်ပါတယ်။ ဖန်ခါးမြေဆိုတာ မကွေးလို့ အားလုံးက အသိအမှတ်ပြုထားတာဖြစ်ကြသလို မကွေးရဲ့ သင်္ကေတဖြစ်တဲ့ ဖန်ခါးသီးကို တန်ဖိုးမြှင့် ထုတ်ကုန်ဝိုင်အဖြစ် ထုတ်လုပ်ထားတာပါ။ ဖန်ခါးပင်ဟာ ဂေဟစနစ်ကို ထိန်းသိမ်းပေးတဲ့အပင်ဖြစ်သလို နှစ်ရှည်ပင်လည်း ဖြစ်ပါတယ်။ တစ်နှစ်ကို သုံးကြိမ်အထိ အသီးသီးတဲ့အတွက် သွင်းအားစုနည်းပြီး အကျိုးအမြတ်များစွာရရှိတဲ့ အပင်မျိုးလည်းဖြစ်ပါတယ်။ ဖန်ခါးပင်ကို ရှေးနှစ်ပေါင်းများစွာကတည်းက ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြတာ ဖြစ်ပါတယ်။ သဘာဝပေါက်တဲ့ အပင်တွေကနေရရှိတဲ့အသီးကို အခုအခါမှာ အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်တဲ့အတွက် နိုင်ငံ့စီးပွားကို မြှင့်တင်ရာရောက်သလို ဒေသခံတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာပေးနိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြေပေါ်သယံဇာတ ရတနာဘဏ်တိုက်တစ်ခု ထပ်တွေ့သလိုပါပဲ။ ဖန်ခါးဝိုင်ကို ပြည်ပဈေးကွက် တင်ပို့နိုင်ဖို့လည်း ရည်ရွယ်ထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် ဓာတုပစ္စည်း လုံးဝအသုံးပြုထားခြင်းလည်း မရှိပါဘူး။ ဒီနှစ်မှာ ထူးခြားချက်တစ်ခုက လုပ်ငန်း/စီးပွားချိတ်ဆက်မှု ကော်မတီပြခန်း ပါလာတာဖြစ်ပါတယ်။ အဲဒီပြခန်း ပါလာတဲ့အတွက် ကျွန်တော်တို့ ထုတ်ကုန်တွေကို ပြည်တွင်းသာမက ပြည်ပအထိ ချိတ်ဆက်တင်ပို့နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိလာပါတယ်။ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ထုတ်လုပ်သေးတဲ့ ဖန်ခါးဝိုင်ကို ဖော်ထုတ်ခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မသဲစုအောင် (ကယားပြည်နယ်ပြခန်း) ဆယ်လီနာ ကယားဝက်အူချောင်းလုပ်ငန်း**

MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ကယားပြည်နယ်ကိုယ်စားပြုနဲ့ ကယားရိုးရာ ဝက်အူချောင်းနဲ့ ကယားခေါင်ရေ ထုတ်ကုန်တွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ထားပါတယ်။ အဓိကကတော့ ကျွန်မတို့ရဲ့ ရိုးရာအစားအစာတွေကို တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ထုတ်လုပ်ပြီးတော့ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်အထိ ထိုးဖောက်တင်ပို့နိုင်တဲ့အထိ အခွင့်အလမ်းတွေရှိတယ်ဆိုတာကို အားလုံးကို သိစေချင်ပါတယ်။ လက်ရှိမှာ ကယားဝက်အူချောင်းကို တစ်နိုင်ငံလုံးအနှံ့ တင်ပို့နေတဲ့အပြင် နိုင်ငံခြားကိုလည်း စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံအထိ ချိတ်ဆက် တင်ပို့နေပါတယ်။ ကယားဝက်အူချောင်းဆိုရင် ဓာတုပစ္စည်းတွေလုံးဝသုံးစရာမလိုဘဲနဲ့ ဒေသထွက် ကုန်ကြမ်းတွေကိုပဲ အသုံးပြုပြီးတော့ ထုတ်လုပ်လို့ရတယ်။ လက်ရှိမှာဒေသကလည်း ပြည်လည်ထူထောင်ရေး လုပ်နေတဲ့အတွက် ပြန်ပြီးမွေးမြူရေးလုပ်တဲ့သူတွေလည်း ရှိတော့ ကုန်ကြမ်းလည်း မရှားတော့ဘူး။ လိုအပ်သလောက် ရနေပါတယ်။ ဒီပြပွဲမှာ ကယားဝက်အူချောင်းကို ကယားပြည်နယ်ကအပြင် အခြားသောဒေသတွေနဲ့ ရှမ်းပြည်နယ်ဘက်ကနေလည်း ထုတ်လုပ်ပြီးတော့ ရောင်းချနေတာတွေ့ရတဲ့အတွက် သူတို့ရဲ့ ထုတ်ပိုးပုံနည်းစနစ်တွေက အတုယူစရာတွေလည်း တွေ့ရတယ်။

**တွေ့ဆုံမေးမြန်း - ဇင်ဦး၊ ဟိန်းထက်ဇော်**

**ဓာတ်ပုံ - ဇော်ဘီ**



## ဖိအားပေးပြီး ဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းနေသည့် ဒေါ်နယ်ထရမ့်၏ ချဉ်းကပ်မှုကို အီရန်သမ္မတ ဝေဖန်

**တီဟီရန် ဖေဖော်ဝါရီ ၁၁**

အီရန်ကို ဖိအားပေးပြီး ဆွေးနွေးညှိနှိုင်းရန်ကြိုးပမ်းနေသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ချဉ်းကပ်မှုကို အီရန်သမ္မတ မာဆွတ် ပီဇက်ရှ်ကီယန်က ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက်က မြို့တော်တီဟီရန်တွင် ပြုလုပ်သည့် အစ္စလာမ္မစ်တော်လှန်ရေး (၄၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ မိန့်ခွန်းပြောကြားရာတွင် ထိုကဲ့သို့ ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။ ၁၉၇၉ တော်လှန်ရေးသည် အမေရိကန်လိုလားသော မင်းဆက်ကိုဖြုတ်ချကာ အစ္စလာမ္မစ်ဘာသာရေးခေါင်းဆောင်များ ဦးဆောင်သော ယနေ့ခေတ်အစိုးရကို ထူထောင်ခဲ့သည်။

အီရန်နိုင်ငံက ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ဖြစ်သည်ဟူသော ပြောကြားချက်နှင့်ပတ်သက်ပြီးလည်း ပီဇက်ရှ်ကီယန်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ရှုတ်ချခဲ့သည်။ ဂါဇာကမ်းမြောင်၊ လက်ဘနွန်နှင့် ဆီးရီးယားတို့ရှိ ပြည်သူများအပေါ် ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည်မှာ အမေရိကန်က ကူညီပံ့ပိုးပေးနေသော အစ္စရေးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့ကြောင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မည်သူက အနှောင့်အယှက်အဟန့်အတားဖြစ်စေသနည်းဟု ၎င်းက မေးခွန်းထုတ်ခဲ့သည်။

ထရမ့်၏ ပထမအကြိမ် သမ္မတသက်တမ်းကာလအတွင်း နိုင်ငံတကာနျူကလီးယားသဘောတူညီချက်မှ အမေရိကန် တစ်ဖက်သတ်နုတ်ထွက်မှုကို ရည်ညွှန်းကာ ထရမ့်နှင့် ဆွေးနွေးညှိနှိုင်းမှုကို ယုံကြည်မှုမရှိကြောင်း အီရန်နိုင်ငံသားတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## OpenAI ကုမ္ပဏီကို ဘီလီယံနာ စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်ခ် ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံသူအဖွဲ့က ဝယ်ယူရန်အဆိုပြု




OpenAI အမှုဆောင်အရာရှိချုပ် ဆမ်အော့တ်မင်းန်နှင့် စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်ခ်။

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

Chat GPT ကို တီထွင်ခဲ့သည့် OpenAI ကုမ္ပဏီကို ဘီလီယံနာ စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်ခ်ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံသူအဖွဲ့က အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၄ ဘီလီယံနှင့် ဝယ်ယူရန် အဆိုပြုခဲ့သည်။

အီလွန်မက်ခ် ရှေ့နေက OpenAI ကို စီမံခန့်ခွဲလျက်ရှိသည့် အမြတ်အစွန်းပဓာနမထားသည့် အဖွဲ့အစည်းတစ်ခုထံ အဆိုပြုလွှာကို တင်သွင်းခဲ့သည်ဟု သည်ဝေါစထရိတ်ဂျာနယ်တွင် ဖော်ပြခဲ့သည်။

OpenAI သည် ယခင်ကကဲ့သို့ ပွင့်လင်းလွတ်လပ်သည့် အရင်းအမြစ် (open-source) တစ်ခုပြန်ဖြစ်လာပြီး ဘေးကင်းလုံခြုံမှုကိုအလေးထားဆောင်ရွက်သည့် ကုမ္ပဏီဖြစ်လာရန် အချိန်တန်ပြီဟု အီလွန်မက်ခ်က ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

အမြတ်အစွန်း ပဓာနမထားသည့် အဖွဲ့အစည်းမှ အမြတ်အစွန်းအဓိကထားလုပ်ကိုင်သည့်အဖွဲ့ကို ထိန်းချုပ်သည့် ပုံစံမျိုးဖြစ်လာသည်။ အဆိုပါ ကုမ္ပဏီသည် အမြတ်အစွန်းပဓာနမထားသည့် အဖွဲ့အစည်းမှ အမြတ်အစွန်းရရှိအောင်လုပ်ကိုင်သည့် အဖွဲ့အစည်းအဖြစ် အသွင်ကူးပြောင်းတော့မည်ဟု လွန်ခဲ့သော ဒီဇင်ဘာလက ကြေညာခဲ့သည်။

အီလွန်မက်ခ်၏ အဆိုပြုချက်သည် OpenAI ၏ အစီအစဉ်များအပေါ် သက်ရောက်မှု ရှိနိုင်သည်။

OpenAI ကို ရောင်းထုတ်သွားမှာ မဟုတ်ကြောင်း၊ တွစ်တာကို ရောင်းမည်ဆိုပါက အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၄ ဘီလီယံဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း OpenAI ၏ အမှုဆောင်အရာရှိချုပ် ဆမ်အော့တ်မင်းန်က လူမှုမီဒီယာပလက်ဖောင်းတစ်ခု ဖြစ်သော အိတ်စ်ပေါ်တွင် ဖေဖော်ဝါရီ ၁၀ ရက်က ရေးသားဖော်ပြခဲ့သည်။ အီလွန်မက်ခ်သည် အိတ်စ်ဟုခေါ်သော တွစ်တာကို ၂၀၂၂ ခုနှစ်က ဝယ်ယူခဲ့သည်။

အီလွန်မက်ခ်က အိတ်စ်ဟုခေါ်သော တွစ်တာပို့စ်တစ်ခုပေါ်တွင် "လူလိမ်" ဟု ရေးသားဖော်ပြခဲ့ပြီး ယင်းက ၎င်းတို့နှစ်ဦးကြားသဘောထား မတိုက်ဆိုင်မှုကို ဆက်လက်ဖြစ်စေသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ပြည်ထောင်စု၌ ဂျက်လေယာဉ်နှစ်စင်းတိုက်မိ

**လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် အနောက်တောင်ပိုင်းရှိ စကော့စ်ဒေးလ်လေဆိပ်၌ ဂျက်လေယာဉ်နှစ်စင်းတိုက်မိမှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကြောင်း အာဏာပိုင်များက ပြောသည်။

လီယာဂျက် ၃၅အေ ဂျက်လေယာဉ်တစ်စင်းသည် လေယာဉ်ကွင်းသို့ ဆင်းသက်ပြီးနောက် လေယာဉ်ပြေးလမ်း၌ ဘီးချော်ကာ ဂွါဖ်စထရမ်း ၂၀၀ ခရီးသည်ဂျက်လေတစ်စင်းကို ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဝင်တိုက်ခဲ့သည်ဟု အမေရိကန်ပြည်ထောင်စုလေကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

တက္ကဆက်ပြည်နယ် အော်စတင်မှရောက်ရှိလာသော လီယာဂျက်လေယာဉ်သည် စကော့စ်ဒေးလ်လေဆိပ်၌ ဆင်းသက်စဉ် လေယာဉ်၏ ဘယ်ဘက်အဆင်းဂီယာ ချွတ်ယွင်းခဲ့သဖြင့် လေယာဉ်တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးဖြစ်သူ ကယ်လီကူစတာက ပြောကြားခဲ့သည်။

လေယာဉ်တိုက်မိမှုတွင် ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့သည်။

**ဆင်ဟွာ**

## လာအိုနိုင်ငံက ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၄ ဒသမ ၃ သန်း ဝင်ရောက်မှုရှိရေး ရည်မှန်းလုပ်ဆောင်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၁**

လာအိုနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၄ ဒသမ ၃ သန်းကို ဆွဲဆောင်ကာ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ ဘီလီယံ ကျော်ရရှိရေး ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ၂၀၂၆-၂၀၃၀ ပြည့်နှစ်အတွက် ရည်မှန်းချက်ကြီးသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ ခရီးသွားလုပ်ငန်း မဟာဗျူဟာက ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်ရာနေရာများ၌ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများ တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်ကာ နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ခရီးသွားလုပ်ငန်းကို တိုးချဲ့ရန် ရည်ရွယ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံ၏ ခရီးသွားပုံရိပ်ကို မြှင့်တင်ရန်ရည်ရွယ်ကာ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများနှင့် ပူးပေါင်းပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်မည့် ပွဲတော်ကြီးများကို ကျင်းပပြုလုပ်ရန် စီစဉ်နေကြောင်း သိရသည်။

**ဆင်ဟွာ**



လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ပတ္တူဆေ အထိမ်းအမှတ်အဆောက်အအုံရှေ့တွင် တရုတ်ကမ္ဘာလှည့်ခရီးသွားများ အမှတ်တရဓာတ်ပုံရိုက်စဉ်။




## ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးရှိလာ

**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင်နိုင်ငံ အနောက်တောင်ပိုင်း ပါလဝမ်ပြည်နယ်၌ မိုးအဆက်မပြတ် ရွာသွန်းခဲ့သောကြောင့် လျှပ်တစ်ပြက် ရေကြီးရေလျှံဖြစ်ပွားခဲ့ပြီး သေဆုံးသူ ငါးဦးရှိလာကြောင်း ဒေသအာဏာပိုင်များက ဖေဖော်ဝါရီ ၁၁ ရက်က ပြောကြားလိုက်သည်။

ပါလဝမ်ပြည်နယ် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးမှ ထိပ်တန်းအကြီးအကဲတစ်ဦးဖြစ်သူ ဂျယ်ရီအာလီလီက ခရီးသည် ၁၂ ဦး တင်ဆောင်လာသော ဗင်ကားသည် ရေစီးထဲ မျောပါသွားကြောင်း၊ သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းအား ကယ်ဆယ်ရေးသမားများက ဖေဖော်ဝါရီ ၉ ရက်တွင် ရှာဖွေတွေ့ရှိကြောင်း ပြောကြားသည်။

ဗင်ကားနှင့်အတူ ရေစီးထဲမျောပါသွားသော ခရီးသည်များအနက် နောက်ထပ်သေဆုံးသူ သုံးဦး၏ ရုပ်အလောင်းအား ဖေဖော်ဝါရီ ၁၀ ရက်က ထပ်မံတွေ့ရှိခဲ့ပြီး ကျန်ခရီးသည်ခုနစ်ဦးအား ဘေးကင်းလုံခြုံစွာကယ်တင်နိုင်ခဲ့ကာ ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်ဟု ဒေသအာဏာပိုင်များက ပြောသည်။

၂၄ နာရီအတွင်း မိုးရေချိန် ၃၄၂ မီလီမီတာအထိ မှတ်တမ်းတင်ရွာသွန်းခဲ့ကြောင်း၊ အဆိုပါပမာဏသည် ပုံမှန်မိုးရွာသွန်းမှုထက် ၁၂ ဆ ပိုများကြောင်း၊ တစ်နေ့တည်း မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့် မိုးရေချိန်ဖြစ်ကြောင်း အာလီလီက ပြောကြားခဲ့သည်။

ရေကြီးမှုကြောင့် မိသားစု ၂၀၀၀ ကျော် ဘေးကင်းရာသို့ပြောင်းရွှေ့ခဲ့ရပြီး အစိုးရ၏ ရေဘေးခိုလှုံရေးအဆောက်အအုံများတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ (MMC) ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူးက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသစ်လွင်၊ ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)နှင့် တေးသံရှင် ဦးသန်းမြတ်စိုးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများသည် မိုးကျော်စာပေဖြန့်ချိရေး၊ စောဦးစာပေဖြန့်ချိရေး၊ မြဝတ်ချိုစာပေဖြန့်ချိရေး၊ တံခွန်တိုင်စာပေဖြန့်ချိရေး၊ ရဲတံခွန်စာပေဖြန့်ချိရေး၊ နွယ်ပိုးအိမ်စာပေဖြန့်ချိရေး၊ အောင်ကျော်စာပေဖြန့်ချိရေး၊ အလင်းတန်းစာပေဖြန့်ချိရေးတို့နှင့် မြဝတီစာပေတိုက်တို့ အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ ဘာသာပြန်အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများအပါအဝင် စာအုပ်ပေါင်း သုံးသောင်းခွဲကျော် ခင်းကျင်းပြသ ရောင်းချနေမှုကိုလည်းကောင်း၊ ပန်းချီဆရာ ဆရာအောင်သျှိုင်း၊ မောင်တည်တံ့၊ သက်နိုင်ဝင်း၊ သရုပ်ဆောင်ယဉ်လတ် အပါအဝင် ပန်းချီဆရာလေးဦး၏ ပန်းချီကား အနုပညာလက်ရာပေါင်း ၁၀၀ ကျော်ခင်းကျင်းပြသနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲရက်များအတွင်း ပြည်သူများအနေဖြင့် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

ပြပွဲ ကျင်းပရာ မြဝတီမီဒီယာစင်တာတွင် 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများ ပြုလုပ်နိုင်ပြီး စတိတ်စင်၏ နောက်ခံဒီဇိုင်းများကို လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် TV Studio နှစ်ခန်း၊ Talk Show Studio၊ Radio Studio၊ Mini Studio၊ Sound Studio၊ News Studio၊ Music Studio အခန်းများ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများ၊ စီးပွားရေးဆိုင်ရာရုံးခန်းများ၊ လုံခြုံစိတ်ချသည့် ကားအစီးရေ ၂၀၀ ဆံ့ ကားပါကင်နှင့် အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုများကိုပါ ရရှိနိုင်သည့်အတွက် မီဒီယာနှင့် သက်ဆိုင်သည့် ပြပွဲ၊ ပြိုင်ပွဲများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကျင်းပနိုင်ကြောင်း မြဝတီမီဒီယာစင်တာမှ သိရသည်။

**သတင်း-ကျော်ကြီး**
**ဓာတ်ပုံ-မောင်သီ**

# MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲ သုံးရက်တာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပထမအကြိမ် MMC စာအုပ်စာပေနှင့် ပန်းချီအရောင်းပြပွဲကို ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ မြဝတီမီဒီယာစင်တာ (MMC) ၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



"ပြပွဲ သုံးရက်တာမှာ နေ့စဉ်နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ရောင်းချပေးသွားမယ်။ အခုက ပထမဆုံးအကြိမ် ကျင်းပတာပါ။ နောက်ထပ် ဒုတိယအကြိမ်၊ တတိယအကြိမ် စသဖြင့် ပြပွဲတွေ ဆက်လက်ကျင်းပနိုင်ဖို့ ကြိုးစားသွားမယ်။ ဒီပွဲကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်လည်း ရှိတာကြောင့် အကောင်အထည်ဖော်ဆောင်ရွက်တာပါ။ ပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် update လုပ်နေတာတွေ့ရတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ အထောက်အကူပြုတဲ့ အနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်တာဖြစ်ပါတယ်" ဟုမြဝတီမီဒီယာစင်တာစာနယ်ဇင်းဌာန၏ အထွေထွေမန်နေဂျာ ဦးမြင့်နိုင်က ပြောကြားသည်။

သုံးရက်တာအတွင်း နိုင်ငံကျော် စာရေးဆရာကြီးများ၏ စာအုပ်စာပေများနှင့် ပန်းချီပညာရှင်ကြီးများ၏ ပန်းချီလက်ရာမွန်များကို ခင်းကျင်းပြသရောင်းချပေးသွားမည် ဖြစ်သည့်အပြင် ပန်းချီကားပေါင်း ၁၀၀ ကျော်၊ စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ စာအုပ်ရေပေါင်း သုံးသောင်းခွဲကျော်ကိုပါ ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြဝတီမီဒီယာစင်တာ စာနယ်ဇင်းဌာနမှ သိရသည်။

စာအုပ်စာပေ အရောင်းပြပွဲတွင် မိုးကျော်၊ စောဦး၊ မြဝတ်ချို၊ တံခွန်တိုင်၊ ရဲတံခွန်၊ နွယ်ပိုးအိမ်၊ အောင်ကျော်၊ အလင်းတန်းစာပေဖြန့်ချိရေးတို့နှင့် မြဝတီစာပေတိုက်တို့ အပါအဝင် စာအုပ်ဆိုင်ပေါင်း ၁၀ ဆိုင်ကျော်မှ ဘာသာပြန်အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ဆောင်းပါး၊ ပညာရေး၊ ကျန်းမာရေး၊ အောင်မြင်ရေး၊ တိုင်းရင်းဆေး၊ ရှားပါးစာပေများအပါအဝင် စာပေအမျိုးအစားစုံလင်စွာဖြင့် စာအုပ်ပေါင်း သုံးသောင်းခွဲကျော် ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီပွဲမှာ ကျွန်တော်က Acrylic အမျိုးအစား ပန်းချီကား ရှစ်ကားပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။ ဒီမြဝတီစင်တာက ခန်းမ၊ ကားပါကင်အနေအထားက ကျယ်ဝန်းတယ်၊ ဝန်ဆောင်မှု ကောင်းတယ်။ ပန်းချီပြပွဲလုပ်လို့ ကောင်းတယ်။ ဒါကြောင့် တခြားပန်းချီဆရာတွေနဲ့ ပူးပေါင်းပြီး ပြပွဲကျင်းပသွားဖို့ အစီအစဉ်ရှိပါတယ်။ ပန်းချီကားတွေကနေ ပန်းချီရသကို အပြည့်အဝ ခံစားနိုင်မှာဖြစ်တဲ့အတွက် လာရောက် လေ့လာစေချင်ပါတယ်။ ပြီးတော့ ပတ်ဝန်းကျင်အနေအထားနဲ့ ဝန်ဆောင်မှုကောင်းတွေကို မြင်တွေ့ခံစားနိုင်မှာဖြစ်တဲ့အတွက် အရောက်လာခဲ့ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပန်းချီကားများ ပါဝင်ပြသသည့် ပန်းချီဆရာ သက်နိုင်ဝင်းက ပြောပြသည်။



အထွေထွေမန်နေဂျာ
ဦးမြင့်နိုင်



ပန်းချီဆရာ
သက်နိုင်ဝင်း

ထို့ပြင် ပြပွဲလာရောက်ကြည့်ရှုသူများအတွက် အစားအသောက်ဆိုင်များ၊ ပစ္စည်းအရောင်းဆိုင်များကိုပါ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ပြပွဲကာလအတွင်း Caricature ရုပ်ပြောင် ပန်းချီဆရာ ဆရာအောင်ကျော်က ပုံတူရုပ်ပြောင်ပန်းချီများကို ရေးဆွဲပေးသည့် အစီအစဉ်နှင့် စာရေးဆရာများနှင့် စာဖတ်သူပရိသတ်များ တွေ့ဆုံမည့် အစီအစဉ်တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကျော်ကြီး**
**ဓာတ်ပုံ-မောင်သီ**

❑*ကျောဖုံးမှ*

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တို့အကြား တိုက်ရိုက်ခရီးစဉ်သစ်ကို စတင်ပြေးဆွဲကြောင်း ကြေညာခဲ့ပြီး မန္တလေး - ချင်းမိုင်ခရီးစဉ်သည် MAI ပြေးဆွဲနေသည့် နိုင်ငံတကာခရီးစဉ်ကွန်ရက်တွင် ၂၀၂၅ ခုနှစ်အတွင်း အသစ်တိုးချဲ့ပြေးဆွဲသည့် ပထမဆုံးခရီးစဉ်ဖြစ်သလို MAI ၏ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပျံသန်း ပြေးဆွဲနေသည့် ဘန်ကောက် - သုဝဏ္ဏဘူမိလေဆိပ်၊ ဘန်ကောက်- ဒွန်မောင်းလေဆိပ်နှင့် နိုဗိုစီဗစ်ခရီးစဉ်များပြီးနောက် ထပ်မံပြေးဆွဲသည့် စတုတ္ထမြောက်ခရီးစဉ်အသစ်ဖြစ်သည်။

**အမှတ်တရလက်ဆောင် ပေးအပ်**

ခရီးစဉ်အသစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အဖြစ် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းမိုင်လေဆိပ်သို့ ဆိုက်ရောက်လာသည့် လေယာဉ်ကို ရေပက်ဖျန်းကြိုဆိုခဲ့ပြီး ခရီးစဉ်အတွင်း လိုက်ပါစီးနင်းလာကြသည့် ခရီးသည်များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ခရီးဦးကြိုဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၁ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၉၀၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် ကျောက်ဆည်မြို့နယ်၊ ကြောင်ကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၄၅ တန်၊ အခြားသစ် ၃ ဒသမ ၈၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၄၉၉) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၀၁၄၉၉ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဖေဖော်ဝါရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၈၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၈၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၅၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၇၂၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့ တံတားဖြူကျေးရွာအနီး၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စမ်းချောင်းမြို့နယ် ဟံသာဝတီအဝိုင်း အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း အမျိုး ၄၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၁၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၅ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၃၅၈၉၉ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီး စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ပုသိမ်ထောင်၌ လုံခြုံရေးတင်းကျပ်ထားပြီး ဆေးဝါးနှင့် ဟင်းပါဆယ်ပို့ခြင်းများပါ ကန့်သတ်နေသည်ဟု မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** ဧရာဝတီတိုင်း ဒေသကြီးတွင် စစ်ရေးအခြေအနေ တင်းမာလာချိန် ပုသိမ်ထောင်၌ လုံခြုံရေး တင်းကျပ်ထားပြီး ဆေးဝါးနှင့် ဟင်းပါဆယ် ပို့ခြင်းများပါ ကန့်သတ်နေသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ ပုသိမ်အကျဉ်းထောင်တွင် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအတွက် မိသားစုဝင်များက လာရောက်ပေးပို့သည့် ဆေးဝါးများကို စနစ်တကျ စိစစ်မှတ်ပုံတင်၍ အကျဉ်းထောင်ဆရာဝန်က ယင်းဆေးဝါးများကို စစ်ဆေးပြီး အပ်နှံထားသူတစ်ဦးချင်းကို ကျန်းမာရေးပြန်လည်စစ်ဆေးကာ ကျန်းမာရေးဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် သုံးစွဲစေကြောင်း၊ ပါဆယ်ပေးပို့ခြင်း၊ စာအုပ်စာပေ ပေးပို့ခြင်းနှင့် ပတ်သက်၍ အကျဉ်းထောင်လက်စွဲ ဥပဒေနှင့်အညီ ပေးသွင်းရမည့် ပစ္စည်းစာရင်းများ အတိုင်းသာ လက်ခံ ပေးသွင်းခွင့်ပြုထားပြီး မသက်ဆိုင်သော ပစ္စည်းများ ပေးသွင်းခွင့်မပြုကြောင်း၊ အကျဉ်းသားများ အပ်နှံထားသောငွေဖြင့် ပစ္စည်းများ ဝယ်ယူပေးရာတွင် ပြင်ပတွင် ရောင်းနေသောဈေးနှင့် မကွာခြားစေရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ဈေးဘားတွင် ငွေသွင်းကာ မတန်တဆဈေးများဖြင့် ဝယ်စားနေရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပုသိမ်အကျဉ်းထောင်တွင် သောက်သုံးရေလုံလောက်မှု ရရှိစေရန်အတွက် လျှပ်စစ်မော်တာဖြင့် ဂါလန် ၇၀၀၀ ဆံ့ Ground Tank အတွင်းမှ ရေသန့်စက်သို့ပို့ဆောင်ပြီး ရရှိလာသည့် သောက်ရေသန့်များအား လီတာ ၂၀ ဆံ့ ရေသန့်ဘူးများဖြင့် အိပ်ဆောင်အလိုက် နေ့စဉ် နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ပို့ဆောင်ပေးလျက် ရှိကြောင်း၊ ရေများသန့်ရှင်းမှုရှိစေရန် ရေကန်များကို အမြဲမပြတ် သန့်ရှင်းဆေးကြောပေးလျက်ရှိကြောင်း၊ သောက်ရေ ချိုးရေများလုံလောက်မှုရှိပြီး သောက်ရေမရရှိ၍ ချိုးရေကိုသာ သောက်သုံးရခြင်း၊ ချိုးရေကန်သည် ခဲခတ်ပါသည့်ရေများကိုသာ ချိုးနေရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း အကျဉ်းထောင် ဆရာဝန်က နေ့စဉ်ကုသပေးလျက်ရှိသည့်အပြင် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လစဉ် ကျန်းမာရေး စစ်ဆေးကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် ပြင်ပကျန်းမာရေးစစ်ဆေးကုသပေးမှုများကို အကျဉ်းဦးစီးဌာန၏ website တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံ ရေးသားထားခြင်းသာဖြစ်သည်။

**သစ္စာ**

## ထောင်ပိုင်နှင့် ထောင်လုံခြုံရေးတာဝန်ခံတို့က နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြောဆိုကြောင်း မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁** ကလေး အကျဉ်းထောင်တွင် ထောင်ပိုင်နှင့် ထောင်လုံခြုံရေး တာဝန်ခံတို့က နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအပေါ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြောဆိုကြောင်း၊ ထောင်ပိုင်က ထောင်ဝင်စာ ဉှေ့တွေ့ပြန်လာသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦး၏ ဇနီးဖြစ်သူကို ဖုန်းဖြင့် ဆက်သွယ်ကာ ၎င်းနှင့်အတူ နေရန် ချိန်းဆိုသည့်စကားများ ပြောခဲ့ကြောင်း Khit Thit Media အမည်ခံ Facebook Page က ဇန်နဝါရီ ၃၀ ရက်တွင် မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်ကို စိစစ်ရာတွင် ကလေးအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းသည် ဌာနဆိုင်ရာ သတင်းညှိနှိုင်းအစည်းအဝေးရှိသည့် နေ့မှလွဲ၍ အခြားနေ့များတွင် အကျဉ်းထောင်ဝင်းအတွင်းမှ ပြင်ပသို့ ထွက်ခွာခြင်းမရှိကြောင်း၊ အကျဉ်းထောင် ဥပဒေနှင့်အညီ အကျဉ်းသား၊ အချုပ်သားများ၏ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် မည်သည့်ကိစ္စ တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်ခြင်းမရှိကြောင်း သိရသည်။

ထို့အတူ လုံခြုံရေးဌာနစိတ် တာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး-၁ ဦးဟန်ဝင်းအောင်သည် ကလေးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ နေ့ချင်းပြန် သို့မဟုတ် တင်ပို့ကုသရန် လိုအပ်သည့် အကျဉ်းသား/ အချုပ်သားများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ဆောင်ရွက်ရသည့်နေ့မှလွဲ၍ အခြားနေ့ရက်များတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် အကျဉ်းသား၊ အချုပ်သားများ၏ မိသားစုဝင်များ၊ ဆွေမျိုးများနှင့် မည်သည့်ကိစ္စတစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်ခြင်း မရှိကြောင်း သိရသည်။

ထို့ကြောင့် ကလေးထောင်ရှိ အကျဉ်းသား၊ အချုပ်သားများ၏ မိသားစုဝင်တစ်ဦးဦးအား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ပြုလုပ်ပါက တိကျစွာတိုင်တန်းတင်ပြနိုင်ပြီး အပြစ်ကျူးလွန်ပါက စစ်ဆေးအရေးယူမည် ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Face-book Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**သစ္စာ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားဖြန့်ဖြူးမှုနှင့် ဓာတ်အားခွဲရုံတည်ဆောက်နေမှုများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ဗဟန်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ်များရှိ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မှု အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၁)ရှိ အသစ်တိုးချဲ့ တည်ဆောက်လျက်ရှိသည့် (၆၆/၁၁) ကေဗွီ(၃၀)အမ်ဗွီအေ ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ (၃၃/၁၁) ကေဗွီ (၁၀+၁၅+၂၀)အမ်ဗွီအေ စက်မှုဇုန် (၁) ဓာတ်အားခွဲရုံသို့ သွားရောက်၍ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ်ရှိ (၂၃၀/၃၃) ကေဗွီ(၁၂၅) အမ်ဗွီအေ ဇေကမ္ဘာဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ခွဲရုံဝင်ပေါက်မီတာများ တပ်ဆင်ထားမှု၊ မီတာဖတ်ရှုမှု၊ ခွဲရုံဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် (၃၃/၁၁) ကေဗွီ (၁၀+၂၀) အမ်ဗွီအေ ဇေကမ္ဘာ စက်မှုဇုန် ဓာတ်အားခွဲရုံဟောင်းမှ ၁၁ ကေဗွီစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးထားမှုနှင့် ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ (၃၃/၁၁) ကေဗွီ(၃၀) အမ်ဗွီအေ ဇေကမ္ဘာစက်မှုဇုန် ဓာတ်အားခွဲရုံသစ် တည်ဆောက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ (၃၃/၆ ဒသမ၆)ကေဗွီမောရွှေလီဓာတ်အား ခွဲရုံတွင် ဓာတ်အားခွဲရုံကို အဆင့်မြှင့်တင်ပြီး အသစ်တိုးချဲ့တည်ဆောက်နေမှုများကို လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ (၆၆/၃၃) ကေဗွီ (၆၀) အမ်ဗွီအေ သုဝဏ္ဏ ဓာတ်အားခွဲရုံတွင် အသစ်တည်ဆောက်ပြီးဖြစ်သည့် ၆၆ ကေဗွီ သာကေတ – ကျိုက္ကဆံ – ကုက္ကိုင်း ဓာတ်အားလိုင်းမှ ဓာတ်အားပို့လွှတ်မည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **ချစ်ဆောင်**



# သန်လျင်ခရိုင်၌ မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ကျောက်တန်း ဖေဖော်ဝါရီ ၁၁**

သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းများမှ မူကြိုကလေးငယ်များအား ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းများမှ မူကြိုကလေးငယ်များက အာလူးကောက်ပြိုင်ပွဲ၊ ဘောလုံးလက်ဆင့်ကမ်းပြိုင်ပွဲ၊ ရေသန့်ဘူး ခွက်စွပ်ပြိုင်ပွဲ စသည့် ကာယစွမ်းရည်ပြိုင်ပွဲများနှင့် အင်္ဂလိပ်စာလုံး တူရာကပ် ချိတ်ဆွဲခြင်းပြိုင်ပွဲ၊ အသီးအနှံများအား အင်္ဂလိပ်အသံထွက် ရွတ်ဆိုပြိုင်ပွဲ၊ စုပေါင်းကဗျာရွတ်ဆိုပြိုင်ပွဲစသည့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာ့ရိုးရာကြက်ဖခွပ်ပြိုင်ပွဲအား ထပ်မံယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ကလေးများအား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်စွဲ့ခင်မာဝင်းက ကြက်ဖခွပ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မူကြိုကလေးငယ်များအား ဆုငွေများ ပေးအပ်သည်။ ၂၀၉

# မက်မန်းမြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

**မက်မန်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဝကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက ပြိုင်ပွဲ၊ ပြပွဲများ ကျင်းပပေးရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် မက်မန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် အထက(အောင်သံလွင်)ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ လေးဦးတို့က မြန်မာ့သမိုင်း၊ မြန်မာနိုင်ငံပထဝီရေးရာ၊



ကမ္ဘာ့ရေးရာ၊ နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှုများ၊ အထွေထွေ ဗဟုသုတနှင့် ဒေသဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကို ကျင်းပခဲ့သည်။ **တီတီ(မက်မန်း)**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# မူးယစ်ဆေးဖြတ်ပြီးသူ ၆ဝ အား နောက်ဆက်တွဲ စောင့်ရှောက်မှုများဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ဖေဖော်ဝါရီ ၉ ရက်က မူးယစ်ဆေးဖြတ် သင်တန်းဆင်း သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ (၂/၂၀၂၅) အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက မူးယစ်ဆေးဖြတ်သင်တန်းသားများ အနေဖြင့် ပြန်လည်ထူထောင်မှုခံယူပြီးပါက ဆေးပြန်လည်မသုံးစွဲရန်နှင့် ဆေးပြန်လည်သုံးစွဲပါက ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များ အကြောင်း၊ အသင်းဗဟိုအလုပ်အမှုဆောင် ဒေါ်ခိုင်ခိုင်ညွန့်က သင်တန်းသားများအနေဖြင့် မိမိတို့နေအိမ်သို့ ပြန်ရောက်သောအခါ မိမိတို့ဘဝတိုးတက်ရေးအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရန် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြသည်။ ထို့နောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုဥက္ကဋ္ဌက မူးယစ်ဆေးဖြတ် သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံကာ သင်တန်းဆင်း သင်တန်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုအနေဖြင့် မူးယစ်ဆေးစွဲလူနာများအား ရှာဖွေဖော်ထုတ်ခြင်း၊ ဆိုရှယ်မီဒီယာမှ ဆက်သွယ်လာသည့် မူးယစ်ဆေးစွဲလူနာများအား ဆေးရုံသို့လွှဲပြောင်းညွှန်းပို့၍ ဆေးဖြတ်ပေးခြင်း၊ ဆေးရုံမှ ပြန်ဆင်းလာသည့်အခါ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ၂၄ နာရီ ဝန်ဆောင်မှုပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဖြတ် သင်တန်းသား ၆ဝ ကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**



# မိုင်းတုံမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် နားကောင်းမူး အခြေခံပညာ အထက်တန်းကျောင်း၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးသက်ထိုက်ဦးက သစ်ပင်များမှ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူပြီး အောက်ဆီဂျင်ထုတ်လုပ်ပေး ခြင်းနှင့် ရေသယံဇာတထိန်းသိမ်းပေးခြင်းအကြောင်း၊ မီးခိုးမြူငွေ့၏သက်ရှိများအပေါ် ဆိုးကျိုးသက်ရောက်မှုများ အကြောင်း၊ သစ်တောကဏ္ဍနှင့် ပတ်သက်၍ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာနှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။ **ကိုစိုင်း**

○ *ကျောဖုံးမှ*

ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို ခြောက်ကြိမ်မြောက်ရရှိကာ ရန်ကုန်ယူနိုက်တက်အသင်း၏ အအောင်မြင်ဆုံးဂုဏ်ပုဒ်ကို လွှဲပြောင်းရယူနိုင်ခဲ့ပြီး ချန်ပီယံဆု ခြောက်ကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်း ဖြစ်လာသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းမှာပင် လေးဂိုးပြတ် အနိုင်ရနေပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားကာ ဂိုးပြတ်နိုင်ပွဲဖြင့် ချန်ပီယံဖြစ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၉၊ ၄၃၊ ၅၅ မိနစ်တွင် ဘာကာယိုကိုက ဟက်ထရစ်သွင်းယူပြီး ကျန်ဂိုးများကို ၁၇ မိနစ်တွင် ရဲရင့်အောင်၊ ၂၅ မိနစ်တွင် ဟိန်းဖြိုးဝင်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ် သွင်းယူခဲ့သည့် ဘာကာယိုကိုက ရရှိသည်။

**ရဲရင့်လွင်**



## ပန်းတနော်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ပန်းတနော် ဖေဖော်ဝါရီ ၁၁**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အင်းမကျေးရွာ၌ ဖေဖော်ဝါရီ ၇ ရက်က မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေဌေးက အမှာစကားပြောကြားပြီး မြို့နယ်အင်းမရဲစခန်းမှ စခန်းမှူး ရဲအုပ်သက်အောင်က မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဆိုးကျိုးများ၊ စိတ်ကြွဆေးလတ်တလော သုံးစွဲမှုလက္ခဏာများအကြောင်း၊ ရေရှည်သုံးစွဲမှုလက္ခဏာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိမည့် ဆိုးကျိုးများကို ပညာပေးပြောကြားသည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၄၂၆ ဦး တက်ရောက်သည်။ **မြို့နယ် (ပြန်/ဆက်)**

## ဘားအံမြို့၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**ဘားအံ ဖေဖော်ဝါရီ ၁၁**
ကရင်ပြည်နယ် ဘားအံမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၅၂ ကျောင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကျောင်းကော်မတီဝင်များက KG ကျောင်းသား ကျောင်းသူများအတွက် အာဟာရချက်ပြုတ်နေမှုနှင့် အာဟာရကျွေးမွေးခြင်းတို့ကို ကြည့်ရှုအားပေးသည်။



အဆိုပါ ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်းကို ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၄၅၂ ကျောင်းရှိ KG ကျောင်းသား ကျောင်းသူ ၈၅၈၆၉ ဦးတို့အား ကျွေးမွေးခဲ့သည်။
**ခရိုင်(ပြန်/ဆက်)**

## ဟိုပုံးမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို



ဖေဖော်ဝါရီ ၉ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောထိန်းသိမ်းရေး၊ သစ်တော၊ သစ်ပင်စိုက်ပျိုးပြုစုသည့် နည်းစနစ်များ၊ သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများ၊ စားရေရိက္ခာ ဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့ ဆောင်းပါးပါ အကြောင်းအရာများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးဝင်းသူရက မီးခိုးမြူငွေ့အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး အစီအစဉ်များကို လည်းကောင်း၊ တောအုပ်ကြီး ဦးရဲဝင်းက ရေသယံဇာတထိန်းသိမ်းရေးအတွက် ရေနှင့်နွေ၊ နွေနှင့်ရေ ဆောင်းပါးပါ အကြောင်းအရာများကို လည်းကောင်း အသိပညာပေးဟောပြောကြသည်။

**ပအိုဝ်းဒေသ (ပြန်/ဆက်)**



## မွေးမြူရေးအတတ်ပညာ သင်ယူရရှိနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများတွင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များ သင်ယူခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အလမ်းများ ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်က မင်္ဂလာဒုံမြို့နယ် အထက(၄)၊ အထက(၇)နှင့် အထက(၈) ကျောင်းများ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်၊ အင်းစိန်ခရိုင် ဦးစီးမှူး ဒေါက်တာ နီလာလတ်နှင့် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးတို့က Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူနိုင်ပြီး ထူးချွန်စွာအောင်မြင်ပါက ပညာဆက်လက်သင်ယူနိုင်ခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းကို မင်္ဂလာဒုံမြို့နယ် အထက(၄)တွင် ဖွင့်လှစ်ထားကြောင်း ဟောပြောသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ပြုလုပ်သော ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက်က အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် လာဘမုနိဘုရားကြီးဝင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်မောင်ဝင်းက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာစေနိုင်သောရောဂါများ၊ လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို



ဟောပြောပြီး တက်ရောက် လက်ကမ်းစာစောင်များ ဖြန့်ဝေလာသူများအား အသိပညာပေး ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး



**သထုံ ဖေဖော်ဝါရီ ၁၁**
မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယမန်နေ့က သထုံမြို့နန်းခဲရပ်ကွက်ရှိ ရွှေချောင်း အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သည်။

ဦးစွာ အမက(ရွှေချောင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသက်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုင်းယန်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**မိုင်းယန်း ဖေဖော်ဝါရီ ၁၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက် ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က နမ့်မုတ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားရာ ကျေးရွာကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက နမ့်မုတ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးလက်ကုန်ထုတ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၃၄ သန်းကို အသုံးပြုကာ ဆောင်ရွက်ခဲ့ကြောင်းသည်။
**မောင်ခိုင်**





## မြောင်းမြပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**မြောင်းမြ ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်ကကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြောင်းမြပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာ (မြောင်းမြ)**

## လှည်းကူးပညာရေး ဒီဂရီကောလိပ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူးပညာရေး ဒီဂရီကောလိပ်၌ ဖေဖော်ဝါရီ ၇ ရက်က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် လှည်းကူးပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီးတို့က (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။



ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက ပြေးခုန်ပစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲများကို ယှဉ်ပြိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆုရရှိသော ပြိုင်ပွဲဝင် အားကစားသမားများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်သည့် မရမ်း-ပိတောက်စု - ရုံးချောင်း - ကျုံသနောင်-ကျုံသမျှင် ကျေးရွာချင်းဆက်လမ်းကို Soil Stabilization Method ဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၈ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ်က လာရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ယင်းကျေးရွာချင်းဆက်လမ်းအတွင်း လိုအပ်လျက်ရှိသည့် တံတားနှင့် ရေထုတ်ပြွန်များအား လိုက်လံစစ်ဆေးကြည့်ရှုရာ မအူပင်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ ပန်းတနော်မြို့နယ် ဦးစီးအရာရှိ (မြို့ပြ) (တာဝန်)နှင့် QC အဖွဲ့များက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပန်းတနော်မြို့နယ် ဥတိုကျေးရွာရှိ ထူးထက်ဟန် ဝက်မွေးမြူရေးလုပ်ငန်း မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမောင်မောင်ဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများပူးပေါင်း၍ စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သနပ်ပင်မြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သနပ်ပင် ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနေဦးသည် ဖေဖော်ဝါရီ ၆ ရက်က သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှလုပ်ငန်းများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ်အတွင်းရှိ သနပ်ပင်-စွံပိလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်းနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ) ရုံးတည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ လုပ်ငန်းတို့အား မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ပစ္စည်းတင်ဒါစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလတွင် လုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သက်ထက်**

## ကျုံပျော်၌ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကျုံပျော် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျုံပျော်မြို့နယ် တံတားရိုးကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ အတွင်းရေးမှူး ဒုရဲမှူးကြီး ခင်မောင်လွင်၊ အဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ယင်းကုန်ထုတ်လမ်းသည် ယခင်က မြေသားလမ်း အရှည် ၁/၁ ဒသမ ၀၉ မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် သုံးပေ မြေသားလမ်းတိုးချဲ့ပြီး အရှည် ၁/၁ ဒသမ ၀၉ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မဖြင့် မြေရောကျောက်ခင်းခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၂၄ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မက်မန်းမြို့နယ်၌ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မက်မန်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ် မက်မန်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်(အသားငါးကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ရန်အတွက် ဒုတိယအကြိမ် အရင်းမပျောက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က မက်မန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာမြင့်မွန်က မြစိမ်းရောင်(အသားငါးကဏ္ဍ) အရင်းမပျောက်ရန်ပုံငွေနှင့်ပတ်သက်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မင်းထွန်းက အရင်းမပျောက် ရန်ပုံငွေနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်(အသားငါးကဏ္ဍ) အရင်းမပျောက် ရန်ပုံငွေကျပ် သိန်း ၃၃၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငှက်ယောင်းအုပ်စု ဝမ်ဟွေကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**

**ရတနာသစ်တော ပြည့်သွေးကြော**
**သစ်တောရတနာ ထိန်းသိမ်းပါ**

# ရေတာရှည်မြို့နယ်၌ မူလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရေတာရှည် ဖေဖော်ဝါရီ ၁၁**

ရေတာရှည်မြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မူလွန်-ဘိုးရှမ်းကုန်းကျောင်း (90' x 30') Steel Structure ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဥက္ကာသန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သန့်ဇင်ဝေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်းကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ) ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းဆောင်သစ်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “soe tha zin 17” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ် (၃)ရပ်ကွက်နေ စိုးဇင်ဇင် (ခ) စိုးသဇင် (ခ) စနီးအား မွန်းလွဲ ၂ နာရီ ၄၀ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ် (၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ပြီး အမျိုးသား တစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မကျီးစင်ကျေးရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်၍ နေအိမ် ၃၀ ခန့်အား မီးရှို့ခဲ့ပြီး အမျိုးသားတစ်ဦးအား သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော်လည်း ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူများအား ဥပဒေမဲ့သတ်ဖြတ်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## သာစည်မြို့နယ်နှင့် ဘားအံမြို့နယ်တို့၌ ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သာစည်မြို့နယ်နှင့် ဘားအံမြို့နယ်တို့၌ ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်ဘက်သို့ အားဘ (ခ) အားဆာ မောင်းနှင်ပြီး မမိုးမိုးအေး လိုက်ပါလာသည့် MITSUBISHI PAJERO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ဖမ်းဆီးရမိခဲ့သည်။



ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ အဝေးပြေးကားကြီးဝင်းတွင် ထွန်းဇော်ဒေးဦးနှင့် မဖြူဖြူအောင် တို့ နှစ်ဦးအား TOYOTA NOAN VOXY မော်တော်ယာဉ်တစ်စီးနှင့်အတူ ငါးခြောက်အိတ်များအတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင် ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စောအုန်းကြွယ် (ခ) အုန်းကျော်အား ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် တိုးတက်ထွန်း (ခ) တိုးကြီးနှင့် ကောင်းဆက်ကျော်(ခ) ကိုဆက် တို့အား TOYOTA WISH မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ မြဝတီနယ်စပ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။


သတင်းစဉ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ငလျင်ဘေးပညာပေးစာစောင်

ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။






ရမည်းသင်းမြို့အဝင်အထွက်အနီးတွင် မြို့နယ်စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဗိုလ် ဦးဆောင်၍ လမ်းဦးစီးမှူး၊ မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်သာယာရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်သန့်ရှင်းသာယာရေးဆိုင်းဘုတ်စိုက်ထူပြီး ရန်ကုန် – မန္တလေးကားလမ်းပေါ်တွင် သွားလာနေသော ယာဉ်များအား “ဒို့ကမ္ဘာမြေသာယာဖို့ အမှိုက်စနစ်တကျစွန့်ပစ်စို့” လက်ကမ်းစာစောင်များ ဝေငှစဉ်။ ၂၁၄

## မိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ

## ကုသိုလ်ပြန်နိုင်ရေးနှိုးဆော်လွှာ

KBZ Pay ဒါန၊ ကုသိုလ် ပြုမယ်။
Botahtaung Pagoda
70081301001
Botahtaung Pagoda
www.kbzpay.com
Call Center 3211



CBPay
အလှူဒါနပြုရအောင်
BOTAHTAUNG PAGODA
Call Centre : (95-1) 231 7770

မိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ မိမိတို့စေတနာ သဒ္ဓါတရားရှိသည့်အလျောက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ရန်အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay, CB Pay မှလည်း QR Code ဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၁၈ ၂၀၁၇ ၆၄ ၊ ၀၉ ၄၄၄ ၉၁၄ ၉၉၀


### ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ဓနမဏ္ဍိုင် လယ်/ထွေ သမဝါယမအသင်း အိတ်ဖွင့်လေလံ လျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရွှေပင်ရပ်ကွက်၊ ဥသျှစ်ပင်ဈေးရှိ ဓနမဏ္ဍိုင် လယ်/ထွေသမဝါယမအသင်း ပိုင်ဆိုင်သော မြေ (၀.၀၁၀)ကေနှင့် အဆောက်အအုံ(၁၃x၃၅x၁၈)အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - | ၇-၂-၂၀၂၅ရက် |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - | ၁၄-၂-၂၀၂၅ရက် |
| **လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | - | ၁၅-၂-၂၀၂၅ရက် နံနက် ၁၀နာရီ |
| **လေလံလျှောက်လွှာရောင်းမည့်နေရာ** | - | ဓနမဏ္ဍိုင် လယ်/ထွေ၊ သမဝါယမအသင်း၊ ရွှေပင်ရပ်ကွက်၊ ဥသျှစ်ပင်မြို့ |
| **လေလံလျှောက်လွှာဖွင့်ဖောက်မည့်နေရာ** | - | ဓနမဏ္ဍိုင် လယ်/ထွေ၊ သမဝါယမအသင်း၊ ရွှေပင်ရပ်ကွက်၊ ဥသျှစ်ပင်မြို့ |

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၃၆၇၈၃၃၈**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ရပ်ကွက်အမှတ်(၁၁)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၁၃-င)၊ ဧရိယာ(၀.၀၁၀)ကေရှိ ဘိုးဘပိုင်မြေအား ဦးလှတင် အမည်သို့ အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှတင်၊ ဖုန်း-၀၉-၅၃၀၀၆၇၀**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ရပ်ကွက်အမှတ်(၄-အေ)၊ ဇိုင်းဂနိုင်းရပ်၊ ဦးပိုင်အမှတ်(၁၀၁-ခ)၊ ဧရိယာ(၀.၀၃၆)ကေရှိ ဘိုးဘပိုင်မြေအား ဦးလှကြည် အမည်သို့ အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှကြည်၊ ဖုန်း-၀၉-၅၁၈၀၆၃၂**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/3896 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6009 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ရပ်ကွက်အမှတ်(၁၆-ဘီ)၊ မြို့တွင်းအနောက်ရပ်၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀.၂၅၈)ကေရှိဘိုးဘပိုင်မြေအား ဦးထွန်းလင်းစိုး-ဒေါ်ဝင်းလဲ့ကြည်ပြာလှိုင် အမည်သို့ အမည်ပြောင်းလျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးထွန်းလင်းစိုး - ဒေါ်ဝင်းလဲ့ကြည်ပြာလှိုင်**
**ဖုန်း-၀၉-၇၈၅၃၈၂၁၄၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ စိတ္တသုခလမ်းတွင်တည်ရှိသော ကွင်း/အကွက်အမှတ်-(၃/၂)၊ ဦးပိုင်အမှတ်-(၁၀)၊(၈၀x၆၀)ပေ၊ဧရိယာ(၀.၁၁၀)ကေရှိဗိုလ်မှူးဉာဏ်လင်း အမည်ပေါက် နှစ် (၃၀) ဂရန်ဝင်းမြေဖြစ်သည့် အရှေ့လားသော်- ဦးပိုင်အမှတ်-(၁၂) အနောက်လားသော်- ဦးပိုင်အမှတ်-(၈)၊ တောင်လားသော်- ၇ လမ်း၊ ဦးပိုင်အမှတ်-(၁၅)၊ မြောက်လားသော်- စိတ္တသုခလမ်း၊ ၎င်းနယ်လေးရပ်အတွင်းရှိဝင်းမြေအား ဒေါ်သက်သက်ခင် ၅/မရန(နိုင်)၁၅၅၈၂၈ မှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင်လက်ရှိထား အကျိုးခံစားပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအား အရောင်းအဝယ်ပြုလုပ်ရန် အဆိုပြုကမ်းလှမ်းထားပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါအိမ်ဝင်းမြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အပြီးသတ်အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ၎င်းဝင်းမြေ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြေညာပါသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်စာချုပ်ကိစ္စအား အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းသူ၊ ဝယ်သူတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ထွေးလွင် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၃၈/၂၀၁၆)**
**မဂ္ဂင်လမ်း၊ အမှတ်(၃)၊ နန္ဒဝန်ရပ်၊ မုံရွာမြို့၊**
**Ph:09-402677551,09-782313060**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ဒေါ်ယုဇနခင် (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၈၅၂၉)**
**ရုံးခန်းလိပ်စာ-တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊**
**မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၉၇၇၇၁၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်အမှတ်(၃၃)၊ ငါးမာန်အောင်ဘုရားလမ်း၊ မြေကွက်အမှတ်(၈၉၆)ဟုခေါ်တွင်သော မြေကွက်၏ မြေချပါမစ်မိတ္တူ အလျား ၁၀ ပေ x အနံ ပေ၆၀ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ယွန်းမီမီအောင် ၁၂/ဒဂမ(နိုင်)၀၅၃၉၇၁ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်လျက်ရှိပါသည်။ ယနေ့မှစ၍ အထက်ပါအိမ်နှင့်မြေကွက်မှာ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာပိုင်ဆိုင်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ နေအိမ်အတွင်း ဝင်ရောက်ခြင်း၊ ထပ်ဆင့်ရောင်းချခြင်းနှင့် ကျွန်ုပ်မိတ်ဆွေအား တစ်နည်းနည်း ဖြင့် ထိခိုက်နစ်နာစေမည့် ကိစ္စရပ်များပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါ သည်။

**ဒေါ်ယွန်းမီမီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၈၃၅၁/၁၃-၉-၂၀၁၂) | (စဉ်-၅၃၁၅၀/၂၀-၆-၂၀၂၀) |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ဝါရှောင်လမ်း၊ မြေကွက်အမှတ် (၃၀၇)၊ အကျယ်အဝန်း (၄၀ပေ ×၆၀ပေ)ရှိ ဦးသာဒင် (CM- ၀၀၀၄၅၂) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း)(၂၀ပေ × ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရွှင်အိ (၁၂/ အစန (နိုင်) ၀၂၇၅၁၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/1375 Bajaj 200 3/Wheel ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းအောင် ၉/မဟမ(နိုင်) ၀၇၅၀၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/79013 Honda Scoopyi club 12-10 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဦး ၉/ပကခ(နိုင်)၀၁၂၈၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/2690 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်မြို့)**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ် (၈၃)၊ မရမ်းချောင် အနောက်အကွက်၊ ဦးပိုင်အမှတ်(၅၆[င])၊ မြေဧရိယာ ၀ ဒသမ ၀၀၁ဧက၊ ၎င်းအကွက် ဦးပိုင်အမှတ် (၅၇[ဃ])၊ မြေဧရိယာ ၀ ဒသမ ၁၁၂ဧက၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၁၁၃ဧကရှိမြေကွက်အား အရှေ့ဘက်- ဦးပိုင်အမှတ်(၅၇[က]) ၊ အနောက်ဘက် ဦးပိုင်အမှတ် (၅၇[င]+၅၆[ဃ])၊ တောင်ဘက်-သထုံ-ဘားအံကားလမ်း၊ မြောက်ဘက်- ဦးပိုင်အမှတ်(၄၈[ဃ]+၄၈[င])ရှိမြေကို(ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးပြည့်ဖြိုးလွင်နှင့် ဒေါ်ပိုးနန္ဒာခိုင်တို့မှ လျှောက်ထားလာသည့်အတွက် ဦးပြည့်ဖြိုးလွင်နှင့် ဒေါ်ပိုး နန္ဒာခိုင်တို့၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်း နှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊သထုံမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃-ရပ်ကွက်၊ မြစံပါယ်လမ်း၊ အမှတ် (၂၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ် တိုက်၏ ဒုတိယထပ် (၃-လွှာ) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၆ပေx၆၂ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်စန်း ၁၂/မရက(နိုင်)၀၁၃၂၉၀ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးသန်းထိုက်ဦး ၇/ပခန(နိုင်)၁၈၂၈၆၄ နှင့် ဒေါ်သူဇာမြင့် ၇/ပခန(နိုင်)၂၂၃၅၂၅ တို့မှ အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အပြီးအပိုင်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ် ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မှော်ဘီမြို့နယ်တရားရုံးတော်၌ ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

| | | |
|---|---|---|
| ဦးရဲအောင် | နှင့် | ဒေါ်လွင်လွင်နိုင် |
| (တရားလို) | | (တရားပြိုင်) |

စစ်ကိုင်းတိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ညောင်ခြေထောက်ရပ်ကွက်၊ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက် ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)ရှေ့နေဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ် ၁၂ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့ သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီဟနိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မှော်ဘီမြို့နယ်တရားရုံး**

## သားဖြစ်သူအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၂/အခန်း ၈နေ ဦးသိုက်ဟိန်း-ဒေါ်ဆွိဆွိခိုင်တို့၏သား မောင်ဘုန်းပွင့်ဟိန်း ၁၂/ဗဟန(နိုင်)၁၁၀၂၂၄ သည်မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူ သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက် သောမည်သည့်ကိစ္စကိုမှ တာဝန်ယူမည်မဟုတ်ပါကြောင်း။

**မိဘ ဦးသိုက်ဟိန်း-ဒေါ်ဆွိဆွိခိုင်**

## ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲဖိတ်ကြားခြင်း

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး နှင့် သက်ကြီးအဘိုး/အဘွားပူဇော်ပွဲကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပ မည်ဖြစ်၍ကန်တော့ခံပုဂ္ဂိုလ်များ၊အသင်းဝင်မိသားစုများ၊အပေါင်းအသင်း မိတ်ဆွေသင်္ဂဟများအားလုံး ကြွရောက်ကြပါရန်လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်-

| | |
|---|---|
| **ရက်စွဲ/အချိန်။** | (၁၆ -၂-၂၀၂၅) ရက် (တနင်္ဂနွေနေ့) နံနက်(၀၉၀၀ မှ ၁၂၀၀)ထိ |
| **နေရာ။** | သာသနာ့ဟိတကာရီမွှာရုံ စံပြ-ဖဆပလရပ်ကွက် |

ရန်ကုန်မြို့ရှိ ကန်တော့ခံပုဂ္ဂိုလ်များ၊ အသက်(၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များသည် အောက်ပါ ဖုန်းများထံသို့(၁၄-၂-၂၀၂၅)ရက် နောက်ဆုံး ထား၍ ဆက်သွယ်သတင်းပို့ကြရန်တိုက်တွန်းနိုးဆော်အပ်ပါသည်။

| | |
|---|---|
| ဦးကိုကိုဇော် | - ဖုန်း-၀၉-၇၈၅၀၀၉၇၆၄၊ |
| ဦးမြို့မြင့်ဆွေ | - ဖုန်း-၀၉-၄၅၀၅၃၉၀၉၉၊ |
| ဦးညွှန့်လှိုင် | - ဖုန်း-၀၉-၂၅၃၄၂၄၁၀၀၊ |
| ဦးသန်းအောင် | - ဖုန်း-၀၉ -၄၅၀၀၂၄၄၉၉ ။ |

## ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

* သုခမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြေ ပေ(၄၀ x ၁၇၀) ၁စ/ပေ ၁၀သိန်း
* ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ u9 ရပ်ကွက်၊ မြေ ပေ(၆၄x ၈၀) သိန်း ၁၄၀၀၀

အကျိုးတော်ဆောင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၄၄၄၂၁၁၇၆

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြရာရိုးတိုးချဲ့ရပ်ကွက်၊ (၈) လမ်း၊ အမှတ် (၇) ဟုခေါ်တွင်သော အလျား (၂၀) ပေ အနံ (၆၀) ပေရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမြင့်နိုင် (SRM-083081) ထံမှ ကာလပေါက်ဈေးဖြင့် ၂၆-၉-၁၉၉၇ ရက်စွဲပါ မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ မြေကွက်အား လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇) ရက်အတွင်း တိကျ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ပိုင်ရေးဆိုင်ခွင့်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြသိန်း (B.A, H.G.P, D.A)**
**အထက်တန်းရှေ့နေ (စဉ်-၁၉၄၈၇)**
**အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း (၄)၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၁၄၃၅၄၃**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၄၃/ ရွှေတောင်)၊ ဦးပိုင်အမှတ် ၈၆ ၊ ဧရိယာ ၀ ဒသမ ၂၇၃ ဧကရှိအိမ်နှင့်မြေကို ဒေါ်ချိုချိုဝင်းသည် မှတ်ပုံတင်စာချုပ်အမှတ် - ၅၅/၁၉၈၆ အရ တရားဝင်ပိုင်ဆိုင် ထားပြီး၊ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင်လည်း ဒေါ်ချိုချိုဝင်း အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ဒေါ်ချိုချိုဝင်း သည် မော်လမြိုင်မြို့စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ "အိမ်နှင့်မြေကွက်အရောင်းအဝယ်စာချုပ်"မှတ်ပုံတင် စာချုပ်အမှတ် - ၆၆ / ၂၀၂၃ အရ ဦးထက်နိုင်ဝင်း နှင့် ဦးဝင်းထွဋ်ဝင်း တို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးထက်နိုင်ဝင်းနှင့် ဦးဝင်းထွဋ်ဝင်းတို့သည် ၎င်းတို့တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ သော အထက်ဖော် ပြပါအိမ်နှင့်မြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲ ပေးရန်လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးထက်နိုင်ဝင်းနှင့် ဦးဝင်းထွဋ်ဝင်း တို့မှ အမည်ပြောင်း လဲပေးရန် လျှောက်ထား လာခြင်းအပေါ် ဥပဒေ၊နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၆၄/ဘိုကုန်း၊ ဦးပိုင်အမှတ် ၈၄/ဆ ၊ ဧရိယာ ၁ ဒသမ ၅၄၂ဧကရှိ ဘိုးဘွားပိုင်မြေအမျိုး အစားကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က) စာရင်းတွင် ဒေါ်သန်း သန်းဝင်းအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်သန်းသန်းဝင်းသည် အထက်ဖော်ပြပါမြေကွက်ကို မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ်-၁၁၀/၂၀၁၆ အရ ဦးမောင်စိန်ပါ ၃ဦးတို့အား ရောင်းချခဲ့ပြီး၊ ဦးမောင်စိန် ပါ ၃ ဦးတို့သည် မှတ်ပုံတင်စာချုပ်အမှတ်-၂၀၆/၂၀၁၇ အရ ဦးကျော်ဆွေအား ပြန်လည်ရောင်းချခဲ့ပါသည်။ ဦးကျော်ဆွေသည် ၎င်း တရားဝင် ပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေဧရိယာ ၁ ဒသမ ၅၄၂ဧက အနက်မှ E အမှတ်ပြ ၀ ဒသမ ၄၀၀ဧကရှိမြေကို မှတ်ပုံတင်စာချုပ်အမှတ်-၁၀၈/ ၂၀၂၄အရ ဦးတင်အောင်ထွန်း(ခ) ဦးမြတ်မင်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချ ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ဦးတင်အောင်ထွန်း(ခ) ဦးမြတ်မင်း သည် ၎င်း တရားဝင်ဝယ်ယူထားသောမြေဧရိယာကို ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထား ခဲ့ရာ ဦးပိုင်အမှတ်(၈၄/ဆ/၅)၊ ဧရိယာ ၀ ဒသမ ၄၀၀ဧကရှိမြေကို ဦးပိုင်ခွဲစိတ်ခွင့် ရရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးတင်အောင်ထွန်း(ခ)ဦးမြတ်မင်းသည် ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန်လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးတင်အောင်ထွန်း (ခ) ဦးမြတ်မင်းမှ အမည်ပြောင်းလဲ ပေးရန်လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျင်လင်း (ငြိမ်း) DSA -11
## ညွှန်ကြားရေးမှူး(ငြိမ်း)
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အသက် (၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာ၊ အမှတ် (၁၀၆) ပထမထပ်နေ ဒေါ်သန်းသန်းညွန့်၏ခင်ပွန်း ဗိုလ်မှူးကျင်လင်း(ငြိမ်း) သည် ၇-၂-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိလားပါစေ။

**DSA-11 သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

မြတ်တံခွန် ထရေးဒင်းကုမ္ပဏီ လီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှအောင်သည် ၁၀-၂-၂၀၂၅ရက် မွန်းလွဲ ၂:၂၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဦးရဲကျော်ခိုင်နှင့်**
**ရွှေလှမင်း**
**ဂက်(စ်)အရောင်းဆိုင်များမှဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးဘုန်းမြင့် (ငြိမ်း)
## ရေ ၁၁၁၃(စတသ-၆) သံအမတ်ကြီး(ငြိမ်း)
## သတင်းတပ်ဖွဲ့မှူး(ငြိမ်း)
## အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ ဒေါ်ကြူကြူလှိုင်၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ဘုန်းမြင့် (ငြိမ်း)သည် ၈-၂-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားသံအမတ်ကြီး**
**Breakfast Gathering Group**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ပေတောကျေးရွာအုပ်စု၊ ပန်းတုန်းကြီးကျေးရွာနေ ဦးထွန်းထွန်းဝင်း ၈/ပဖန(နိုင်) ၀၈၁၅၇၃ ၏သမီး မအိမ့်သဒ္ဒါမောင်၏ အမည်မှန်မှာ မသူ့သဒ္ဒါမောင် ဖြစ်ပါကြောင်း။

**မသူ့သဒ္ဒါမောင်**

## အမည်မှန်

မိုးကောင်းမြို့နယ်၊ နန့်ရင်းရပ်ကွက်နေ ဦးမျိုးသက်နိုင်ဟန် ၁/ မကတ(နိုင်) ၀၆၀၀၄၂၏သား အမည်မှန်မှာ မောင်ဆွတ်ဂျတ်အောင်ဖြစ်ပါကြောင်း။

**မောင်ဆွတ်ဂျတ်အောင်**

## ဝမ်းနည်းကြေကွဲခြင်း

မြတ်တံခွန် ထရေးဒင်းကုမ္ပဏီ လီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှအောင်သည် ၁၀-၂-၂၀၂၅ရက် မွန်းလွဲ ၂:၂၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**မြတ်တံခွန်ထရေးဒင်းကုမ္ပဏီလီမိတက်**
**Gas Station**
**ဝါးတရာစက်မှုဇုန်မှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြတ်တံခွန် ထရေးဒင်းကုမ္ပဏီ လီမိတက်၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှအောင်သည် ၁၀-၂-၂၀၂၅ရက် မွန်းလွဲ ၂:၂၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဦးအေးမင်းနှင့်**
**ဇေရတ်ဂက်(စ်)အရောင်းဆိုင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဗွန်လွန်ဒါးလ်
## ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၆၃)နှစ်

၁၀-၂-၂၀၂၅ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါကြောင်း။

**ချင်းပြည်နယ် ဆည်မြောင်းမိသားစု**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ဘားအံမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ မာန်အောင်စုကွက်၊ ဦးပိုင်အမှတ် ၂/၆၈၊ မြေဧရိယာ ၀.၀၅၇ဧကရှိ မြေကွက်အား ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးပြည်စိုးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်အတူ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဘားအံမြို့နယ် မြေစာရင်းဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4041 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်(Hလိတ်တောင်)၊ ဦးပိုင်အမှတ်(၇-န)၊ဧရိယာ(၀ဒသမ၃၃၈)ကေရှိ မြေကွက်အား ကျွန်တော် ဦးကျော်သူ ၈/မဘန(နိုင်)၀၅၉၅၃၀ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သူ ၈/မဘန(နိုင်) ၀၅၉၅၃၀**
**အမှတ်(၂)ရပ်ကွက်၊ မင်းဘူးမြို့၊ ဖုန်း-၀၉-၇၉၇၉၁၈၁၈၇**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်း(၃) ရပ်ကွက်၊ နယ်မြေ(၆)နေ၊ အရှေ့လားသော်-လမ်းမတော်၊ အနောက်လားသော် - ဒေါ်နှင်းမူနေအိမ်၊ တောင်လားသော် -ဒေါ်ကြင်မြိုင်နေအိမ်၊ မြောက်လားသော် - ဒူးလမ်းကြား၊ ၎င်းအလားလေးရပ်အတွင်းရှိ မြေကွက်တွင် ဒေါ်သန်းသန်းဦး ၉/မထလ(နိုင်) ၁၂၉၃၆မှ (အလျား ၃၃'-၀"x အနံ ၂၅'-၀") Steel Structure(၁)ထပ် သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ ဇုန်(City Loft)၊ တိုက်အမှတ် (CL 6)၊ အခန်းအမှတ်(၂၁၃)၊ အခန်းအမျိုးအစား (အိပ်ခန်း ၃ ခန်း)၊ အကျယ်အဝန်းဧရိယာ(၈၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်သူအောင် ၁၂/သဃက(နိုင်)၁၃၆၉၁၉ထံမှ အပြီးအပြတ် ဝယ်ယူရန်အတွက် ကျွန်မ သင်းသင်းအေး ၁၂/ရကန(နိုင်)၀၀၂၆၄၆မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်မထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**သင်းသင်းအေး ၁၂/ရကန(နိုင်)၀၀၂၆၄၆**
**ဖုန်း-095073873**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၀/၁၃၊သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၆-လမ်း (၇၂))၊ ဧရိယာ(၀.၀၄၃)ကေရှိမြေနေရာသည် မုံရွာမြို့၊ သလ္လာမြို့သစ်မြေနေရာချထားရေးကော်မတီမှ ဦးဘိုသန်း (စာရေး)၊ ၃၉- သစ်စက်၊ မုံရွာအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဦးဘိုသန်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့် ရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ် (အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဟ/၆၈၈၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄၅၅) နေ ဒေါ်ခင်သိန်းမြင့် (ဘ) ဦးသိန်းအောင် (၁၂/ထတပ (နိုင်) ၀၀၅၆၁၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄၅၅) ရှိ ပေ (၄၀ x ၆၀) မြေကွက်သည် ဒေါ်ခင်သိန်းမြင့် (ဘ) ဦးသိန်းအောင် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဒေါ်ခင်သိန်းမြင့် အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း အလျဉ်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးဘိုဘိုအောင် (စဉ် - ၃၃၀၄၂) အထက်တန်းရှေ့နေ**
ကျိုက္ခနာကျေးရွာ၊ အစုကြီးကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၄၁၉၃၅

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊လယ်ဝေးမြို့၊အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ကံဆွယ်ရပ်)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ(၀ဒသမ၀၄၅)ကေရှိ အစိုးရမြို့မြေကွက်အား ဦးထိန်ဝင်းအောင်(ဘ)ဦးစံဝင်း ၉/လဝန(နိုင်) ၁၈၇၄၂၃မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်နန်းဆိုဖီယာပန်း(၁၄/ဒဒရ(နိုင်)၁၀၂၆၃၂)နှင့် အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ဖဲ(၁)လမ်းနေ ဦးအောင်မျိုး (၇/ကပက(နိုင်)၀၇၃၅၀၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးနှင့် ဒေါ်နန်းဆိုဖီယာပန်းတို့သည် လွန်ခဲ့သော ၂၀၀၉ ခုနှစ်က ရန်ကုန်မြို့တွင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးနှစ်ဦး မွေးဖွားခဲ့ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုး၏ဇနီး၊ ဒေါ်နန်းဆိုဖီယာပန်းသည် ဇနီးမယားတစ်ဦး၏ ကျင့်ဝတ်ကို စောင့်ထိန်းခြင်းမရှိဘဲ မိသားစုအရှက်သိက္ခာကျဆင်းအောင် ပြုလုပ်ကာ လူမှုရေးအရခွင့်လွှတ်၍ မရနိုင်သော ပြုလုပ်မှုများကို ကျူးလွန်၍ နေအိမ်မှ၎င်း၏သဘောဆန္ဒအလျောက် (၂၈-၁၂-၂၀၂၄) ရက်တွင် ဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်နန်းဆိုဖီယာပန်း၏ ပြုလုပ်မှုကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးတို့မိသားစုမှာ ပတ်ဝန်းကျင်တွင်အရှက်ရပြီး ဂုဏ်သိက္ခာများစွာ ကျဆင်းခဲ့ရပါသဖြင့် ဒေါ်နန်းဆိုဖီယာပန်းအပေါ် ဥပဒေအရ တရားစွဲဆိုသွားမည် ဖြစ်ပါကြောင်းနှင့် ဒေါ်နန်းဆိုဖီယာပန်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုးနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ ဦးအောင်မျိုး ၏သဘောတူခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်ထားသည့်ကိစ္စများအပေါ် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်နန်းဆိုဖီယာပန်းနှင့် အများ သိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးအောင်မျိုး | ဦးမျိုးမင်းထွန်း |
| ၇/ကပက(နိုင်)၀၇၃၅၀၈ | LL.B, D.B.L |
| | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၂၂၅၉/၂၀၁၇) |
| | အမှတ်- ၅/၁၅၇/ခ၊ စပ်စံထွန်းလမ်း၊ |
| | ရာဇသင်္ကြန်ရပ်ကွက်၊ |
| | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| | Ph - 09-401573462 |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် (၇၇၄/ခ)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးအောင်ထွန်း (၁၂/လကန (နိုင်) ၀၀၃၇၈၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာမာလွင် (၁၂/တမန (နိုင်) ၀၂၇၄၁၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ် ၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်75W/99643, Haojue 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရိန် ၁၄/အမန(နိုင်)၁၃၉၆၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/82781, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံလင်း ၁၄/ပသန(နိုင်)၀၅၀၆၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်)**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ အကွက်အမှတ် (၈၄၇-င/၁၃၊ ဆီးယင်းမြောက်)၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ(၀ဒသမ၄၃၂)ကေအား ဦးမင်းလွင် ၈/ရစက(နိုင်) ၁၂၄၉၂၃(ဘ)ဦးဝမှ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၀ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမင်းလွင်**
**(ဖုန်း-၀၉-၂၅၆၁၅၆၀၉၀)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/9876 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၂/ဗဟန(နိုင်)၀၄၁၄၃၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/7185 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသီဟ ၇/ဝမန(နိုင်)၀၇၈၈၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) မန္တလေး - ချင်းမိုင် တိုက်ရိုက်ခရီးစဉ်သစ် စတင်ပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ မန္တလေး-ချင်းမိုင် တိုက်ရိုက်ခရီးစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင် နှစ်ကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သစ် စတင်ပြေးဆွဲသည့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပခဲ့သည်။

MAI လေကြောင်းလိုင်းက ယမန်နေ့တွင် မန္တလေးမြို့နှင့်

*စာမျက်နှာ ၁၅ ကော်လံ ၁* ❑




ယနေ့ သတင်းအညွှန်း

**ဖိအားပေးပြီး ဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းနေသည့် ဒေါ်နယ်ထရမ့်၏ ချဉ်းကပ်မှုကို အီရန်သမ္မတ ဝေဖန်**

နိုင်ငံတကာသတင်း စာ ၁၄

**ပုသိမ်ထောင်၌ လုံခြုံရေး တင်းကျပ်ထားပြီး ဆေးဝါးနှင့် ဟင်းပါဆယ်ပို့ခြင်းများပါ ကန့်သတ်နေသည်ဟု မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေ**

ပြည်တွင်းသတင်း စာ ၁၆

## MNL ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလို ရှမ်းယူနိုက်တက် ဗိုလ်စွဲ ငါးရာသီဆက်နှင့် ခြောက်ကြိမ်မြောက် အမှတ်ပေးချန်ပီယံဆုရရှိ




ရှမ်းယူနိုက်တက်တောင်ပံကစားသမား ခွန်ကျော်ဇင်ဟိန်း ထိုးဖောက်မှုကို အား/ကာသိပ္ပံနောက်ခံလူရှင်းထုတ်နေစဉ်။ ဓာတ်ပုံ-သော်လေး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက အား/ကာသိပ္ပံအသင်းကို ငါးဂိုးပြတ် အနိုင်ယူပြီး လက်ကျန်သုံးပွဲအလိုတွင် ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည်။

ယခုရာသီတွင် ပုံစံကောင်းပြသနေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းသည် အား/ကာသိပ္ပံကို အနိုင်ယူပြီး လက်ကျန် သုံးပွဲအလိုမှာပင် ချန်ပီယံအသင်း ထွက်ပေါ်ကာ

*စာမျက်နှာ ၁၇ ကော်လံ ၅* ❍



## အက်ဖ်အေဖလား ပဉ္စမအဆင့် ပဲလေ့စ်အသင်း တက်လှမ်း

ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်တူးကလပ် ဒွန်ကက်စတာနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိပြီး ပဉ္စမအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

*စာမျက်နှာ ၂၁ ကော်လံ ၁* ■

# မြန်မာ့အလင်း

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့




*အချပ်ပို (ဃ) မှ*

ကောင်းတာ၊ မကောင်းတာ ဆင်ခြင်ပြီး လုပ်သင့် မလုပ်သင့်၊ ဖြစ်သင့် မဖြစ်သင့် ခွဲခြားနိုင်စွမ်းရှိမှသာ ပညာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် ယဉ်ကျေးပါတယ်ဆိုတဲ့ လူမျိုးတွေ ဘာကြောင့် အစွန်းရောက်နေကြသလဲ။ အကြမ်းဖက်ကို ဘာကြောင့်မွေးထုတ်နေကြသလဲ။ ကိုယ့်ဒေသကိုယ် ဘာကြောင့် ဖျက်ဆီးနေကြသလဲ။ ဆိုရရင် ပညာမဲ့လို့၊ ဉာဏ်အမြော်အမြင်မရှိကြလို့ပဲလို့ ဖြေရပါမယ်။ အမှန်တော့ ဉာဏ်ပညာနဲ့ အရည်အချင်းရှိသူများဟာ စစ်ကို ဘယ်တော့မှ ဖန်တီးလေ့မရှိပါဘူး။

## သစ္စာရှိမှုလည်း လိုအပ်

ယခုလက်ရှိအခြေအနေအရ စေတနာကောင်းတွေ မပြသနိုင်သေးသရွေ့ သစ္စာမဲ့မှုအောက်မှာ အမှောင်ထဲ တဝဲလည်လည် ကျင်လည်ကြရဦးမယ့် အခြေအနေပါ။ ဒီနေရာမှာ ရိုးဂုဏ်နဲ့ ဖြောင့်မတ်မှု ကိုယ်ရည်ကိုယ်သွေးတစ်ခုဟာ ငြိမ်းချမ်းရေးအတွက် အလွန်အရေးကြီးပါတယ်။ ရိုးသားမှုကလာတဲ့ ယုံကြည်မှုနဲ့ နားလည်မှုဟာ တိုင်းရင်းသားတွေကြားမှာ အေးအတူပူအမျှစိတ်ထားတွေကို တိုးပွားစေပါတယ်။ ဒီလိုစိတ်ထား ဒီလိုစိတ်ဓာတ်ကောင်းတွေကြောင့် အချင်းချင်းတောင် အသက်ပေးဝံ့ခဲ့ကြတယ် မဟုတ်ပါလား။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီဖို့ ဝန်မလေး၊ ကျောချင်းကပ်ဖြေရှင်းပေးရဲခဲ့ကြတယ်။ ဒါဟာ သစ္စာတရားပါ။

တိုင်းရင်းသားတို့ရဲ့အတိတ်မှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ညီညွတ်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေရှိခဲ့ခြင်းဟာ သစ္စာရှိကြလို့ပါ။ ဒါဟာပင် ညီညွတ်မှုရှိတဲ့ ပြည်ထောင်စုရဲ့ တန်ဖိုးတစ်ခုအလားလက်ခံနိုင်ရပါမယ်။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီတယ်၊ ရိုင်းပင်းတယ်၊ လိုအပ်ရင် အသက်ပေးပြီး ကာကွယ်တယ်၊ လက်သည်းဆိတ်တော့ လက်ထိပ်နာ ဆိုသလို အမျိုးကိုထိရင် မချိအောင် နာတတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်မျိုးဟာ ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိတဲ့ လူမျိုးဆီကသာ ရနိုင်မယ်ထင်တယ်။ အတွေ့အကြုံများအရ ပြည်နယ်တစ်ခုမှန်တိုင်းသင့်တော့ ကျန်မြန်မာတိုင်းရင်းသားအားလုံးက မနေသာ စာနာစိတ်အပြည့်နဲ့ ငွေအား၊ လူအား စုပေါင်းပါဝင်ကူညီခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ဖူးတယ်။ ကိုယ့်အမျိုးပမာ အစော်ကားခံရလို့ မခံချင်စိတ်နဲ့ သွေးဆူခဲ့ကြဖူးတဲ့သမိုင်း၊ အနောက်တံခါးဝကို ဘာသာခြား၊ လူမျိုးခြားတွေ အကြိမ်ကြိမ်ကျူးကျော်ခံရစဉ်က ကိုယ့်တိုင်းရင်းသားဘက်က အသက်ပေးကာကွယ်ခဲ့ကြဖူးတဲ့သင်ခန်းစာ... ဒီလိုစိတ်ဓာတ်တွေ ဘာကြောင့်ထားနိုင်ခဲ့ကြသလဲ၊ ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ ဖြောင့်မတ်တဲ့ စိတ်ထားတွေကြောင့်၊ သစ္စာရှိပြီး ပညာပြည့်တဲ့ နိုင်ငံသားတွေကြောင့်၊ ထားအပ်တဲ့ဒုက္ခသည်တွေအပေါ် ထားတတ်တဲ့ ဆွေမျိုးသားချင်း ပြည်ထောင်စုစိတ်ဓာတ်ကြီးကြောင့် ဒီလိုလက္ခဏာတွေ ပြသနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။



◆ ၁၂-၂-၁၉၄၇ ရက်က ပင်လုံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူထားသည့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်။

**“ယခုအခြေအနေမှာ အချို့နိုင်ငံသား၊ အချို့သောတိုင်းရင်းသားတွေဟာ နိုင်ငံ့မျက်နှာမကြည့်ကြတော့ဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအရေးလည်း မြင်နိုင်စွမ်းမရှိကြ၊ မိမိအရေး၊ မိသားစုဆွေမျိုးကောင်းစားရေး ကိုယ်ကျိုးအတ္တသက်သက်သာ ဦးစားပေးနေကြတော့တယ်။ အတ္တနဲ့ပရကြားမှာ များစွာပြောင်းလဲသွားခဲ့ကြပါပြီ။ တချို့တိုင်းရင်းသားတွေက ဗဟိုချက်မတစ်ခုတည်းအောက်မှာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ကပဲ ကြီးစိုးနေသယောင် ထင်မှတ်မှားကြတယ်။ အမှန်မှာ ဗဟိုမှာက အားလုံးကို ကိုယ်စားပြုနေတာ။ တစ်ဦးတစ်ယောက်တည်းက စိုးမိုးထားသော လူမျိုးကြီးဝါဒဆိုတာ အမှန်တကယ်မရှိပါဘူး။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဘယ်နေရာ ဘယ်အလွှာမှာမှ ခွဲခြားထားခြင်းမရှိပါဘူး။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်း အဖျက်လုပ်ရပ် ထူပြော၊ မထူပြောမှုအပေါ်မှာသာ မူတည်ပြီး ဖွံ့ဖြိုးမှုအနိမ့်၊ အမြင့် ကွာဟချက် ရှိကောင်း ရှိနေခြင်းဖြစ်ပါတယ်။ ကျန်တာ အတူတူပါပဲ။ တချို့အတ္တဝါဒီတွေရဲ့ လောဘနဲ့ အကျိုးစီးပွား၊ သတင်းမီဒီယာတွေရဲ့ဘက်လိုက်မှုနဲ့ လူမျိုးရေးအရ သွေးခွဲမှု၊ လူအချင်းချင်း ခွဲခြားမှုတွေကြောင့်သာ ပဋိပက္ခနဲ့ စစ်နွံတွင်း နစ်နေရတာ ဖြစ်ပါတယ်”**



◆ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့စဉ်။

## ဘာမှ ခွဲခြားထားခြင်းမရှိ

ယခုအခြေအနေမှာ အချို့နိုင်ငံသား၊ အချို့သောတိုင်းရင်းသားတွေဟာ နိုင်ငံ့မျက်နှာမကြည့်ကြတော့ဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအရေးလည်း မြင်နိုင်စွမ်းမရှိကြ၊မိမိအရေး၊မိသားစုဆွေမျိုးကောင်းစားရေး ကိုယ်ကျိုးအတ္တသက်သက်သာ ဦးစားပေးနေကြတော့တယ်။အတ္တနဲ့ပရကြားမှာ များစွာပြောင်းလဲသွားခဲ့ကြပါပြီ။ တချို့တိုင်းရင်းသားတွေက ဗဟိုချက်မတစ်ခုတည်းအောက်မှာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ကပဲ ကြီးစိုးနေသယောင် ထင်မှတ်မှားကြတယ်။ အမှန်မှာ ဗဟိုမှာက အားလုံးကို ကိုယ်စားပြုနေတာ။ တစ်ဦးတစ်ယောက်တည်းက စိုးမိုးထားသော လူမျိုးကြီးဝါဒဆိုတာ အမှန်တကယ် မရှိပါဘူး။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဘယ်နေရာ ဘယ်အလွှာမှာမှ ခွဲခြားထားခြင်းမရှိပါဘူး။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်း အဖျက်

*အချပ်ပို (ဂ) သို့*

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




*အချပ်ပို (၁) မှ*

လုပ်ရပ် ထူပြော၊ မထူပြောမှုအပေါ်မှာသာမူတည်ပြီး ဖွံ့ဖြိုးမှုအနိမ့်၊ အမြင့် ကွာဟချက် ရှိကောင်း ရှိနေခြင်းဖြစ်ပါတယ်။ ကျန်တာ အတူတူပါပဲ။ တချို့အတ္တဝါဒီတွေရဲ့ လောဘနဲ့ အကျိုးစီးပွား၊ သတင်းမီဒီယာတွေရဲ့ဘက်လိုက်မှုနဲ့ လူမျိုးရေးအရ သွေးခွဲမှု၊ လူအချင်းချင်း ခွဲခြားမှုတွေကြောင့်သာ ပဋိပက္ခနဲ့ စစ်နွံတွင်း နစ်နေရတာ ဖြစ်ပါတယ်။

### အထင်အမြင်လွဲမှားခြင်းရဲ့ အကြောင်းရင်းကိုဖယ်နိုင်မှ

ကျွန်တော်တို့တိုင်းရင်းသားတွေဟာ အမှန်မှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရင်းစွဲများ ရှိကြပြီးဖြစ်ပါတယ်။ ဓလေ့ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှုနဲ့ ဘာသာတရား အပြန်အလှန်တန်ဖိုးထားလေးစားတတ်၊ ချစ်တတ်ကြတဲ့အတွက် အမုန်းဆိုတာ ရှိခဲ့ပါတယ်။ ဒါပေမယ့် အတိတ်ကာလတစ်လျှောက်မှာ ရိုက်ချက်ပြင်းပြင်းနဲ့ အပြောင်းအလဲများတဲ့ မြင်ကွင်းတွေကြောင့် ယုံကြည်မှုပျောက်ဆုံးပြီး အခြေအနေဟာ ပိုပြီးဆိုးရွားသွားခဲ့ရတယ်။ ဘေးပယောဂတွေကြောင့်လည်း ပါပါလိမ့်မယ်။ ဒါကြောင့်လည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုးကြား အထင်အမြင်လွဲမှားခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့ အာဃာတ အငြိုးအတေးတွေကို ယနေ့တိုင် အဆုံးမသတ်နိုင်သေးခြင်းဖြစ်တယ်။ အမုန်းတွေ၊ အာဃာတတွေဆိုတာ မိမိကိုယ်ခံအင်အားကို ချည့်နဲ့စေသလို ပြည်ထောင်စုကြီးကိုလည်း အားလျော့စေတယ်ဆိုတဲ့အချက်ကို ဆင်ခြင်သိမြင်နိုင်စွမ်းက ပညာအရာသာ ဖြစ်ပါတယ်။



◆ ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကပြဖျော်ဖြေနေမှုကို တွေ့ရစဉ်။

❖ **သမိုင်းအမှန်ဆိုတာ ပညာမျက်စိနဲ့သာ ခွဲခြမ်းစိတ်ဖြာနိုင်မှာဖြစ်ပါတယ်။ မတူကွဲပြားမှုကို လက်ခံတတ်လာအောင် လေ့ကျင့်သင်ကြားပေးနိုင်မယ့်လက်နက်က ပညာဆိုတာ မမေ့သင့်ပါဘူး။ သို့မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မုန်းတီးနေသမျှ အာဃာတ မပြေနိုင်၊ အငြိုးအတေးတွေ အဆုံးမသတ်နိုင်ကြသရွေ့ မတူကွဲပြားမှုကို လက်ခံခြင်းနဲ့ ငြိမ်းချမ်းခြင်းဆိုတာ ပါးစပ်ဖျားမှာပဲ အဆုံးသတ်နေပါလိမ့်မယ်။ အဓိကအချက်က စိတ်ဓာတ်နဲ့ ပညာအရာပါပဲ။ စိတ်ဓာတ်ကောင်းစွာနဲ့ ပညာဖြစ်နေသရွေ့ ညီညီညွတ်ညွတ် အတူလှမ်းလျှောက်ကြမယ့် ပြည်ထောင်စုလမ်းမကြီးဟာလည်း အစဉ်ချောမွေ့သာယာနေမှာ မလွဲဟု အလေးအနက် ယုံကြည်မိပါတယ်**

အသိနဲ့ပညာဟာ တိုက်ရိုက်အချိုးကျတဲ့အတွက် ပညာနည်းပြီး အသိပါးနေကြသရွေ့ နိုင်ငံနဲ့လူ့အဖွဲ့အစည်းမှာ အားနည်းချက်တွေ ရှိနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အသိတရားရှိတဲ့ ပညာတတ်တွေပေါ်များအောင် မွေးထုတ်ပေးနေတာဖြစ်တယ်။ ပြည်ထောင်စုကြီးမှာ အမှားအမှန် ခွဲခြားနိုင်သူ များလာမှ၊ အကြောင်းအကျိုးနဲ့ ပြဿနာကို ခွဲခြားစိတ်ဖြာနိုင်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းသူတွေများလာမှ အဖျက်သဘောနည်းပြီး အမှားနည်းလာမှာဖြစ်ပါတယ်။ အမှန်တရားချစ်မြတ်နိုးသူ များလာမှ ငြိမ်းချမ်းရေးစကားဝိုင်းက ပိုပြီးအသက်ဝင်လာမှာဖြစ်ပြီး မဟုတ်ရင် စစ်တလင်းတွေဟာ ပညာမဲ့သူအကြိုက်ပဲ ဖြစ်သွားရလိမ့်မယ်။

ယနေ့လိုကာလ၊ ယခုလိုအခြေအနေမှာ ပြင်ဆင်ရမယ့်အချက်တွေ အများကြီး ရှိနေပါပြီ။ ဣဋ္ဌာရုံနဲ့အနိဋ္ဌာရုံ၊ စစ်မြေပြင်နဲ့ တည်ငြိမ်တဲ့နေရာ၊ ငြိမ်းချမ်းမှုနဲ့ မငြိမ်းချမ်းမှုကြား အများကြီး ကွာဟသွားပါပြီ။ နောက်ထပ်အနိဋ္ဌာရုံတွေကို ပြည်သူတွေ မလိုချင်ကြတော့ပါဘူး။ ပြည်ထောင်စုကြီး မယိုင်မလဲအောင် အသည်းအသန်ကြိုးပမ်းနေစဉ်မှာ နောင်နှစ်ပေါင်းရာချီ လူမျိုးသက်တမ်းရှည်ရှည်နဲ့ ပြည်ထောင်စုကြီး သက်တမ်းမြဲဖို့ အရေးကြီးဆုံးက ယနေ့ မျိုးဆက်သစ်တွေကို အမွေဆိုးတွေ ဆက်မပေးမိဖို့နဲ့ အမွေကောင်းတွေ လက်ဆင့်ကမ်းဖို့ရန်က အရေးကြီးဆုံး ဖြစ်နေပါပြီ။ ဗမာမုန်းတီးရေး၊ ရခိုင်မုန်းတီးရေး၊ ကရင်၊ ကယား၊ ကချင်၊ ချင်းစတဲ့ မုန်းတီးရေးအာဃာတတွေ လက်ဆင့်မကမ်းမိအောင် သတိထား၊ အလေးထားဖို့သင့်ပါပြီ။ အမှားလုပ်သူ၊ မရိုးဖြောင့်သူ၊ စိတ်ဓာတ်မကောင်းသူ သစ္စာမဲ့သူမှန်သမျှ နေရာမရအောင်၊ အနိုင်မယူနိုင်အောင် အရေးယူ ထိန်းချုပ်ကြရပါမယ်။ ပြည်ထောင်စုစိတ်ဓာတ်မရှိသရွေ့၊ အမုန်းတွေပွံ့နေသမျှ ညီညွတ်မှုကို မရနိုင်ပါဘူး။ မညီညွတ်ရင် ငြိမ်းချမ်းရေးလည်း မရနိုင်ပါဘူး။

ဒါကြောင့် အမုန်းအာဃာတတွေ မရိုက်သွင်းနိုင်အောင်၊ လက်မခံမိအောင် ကျောင်းစာသင်ခန်းတွေက အစပြုတဲ့ ပညာကို အခြေခံရမယ်ထင်ပါတယ်။ ပညာလမ်းကြောင်းကနေ စတင်မယ့် ထာဝရငြိမ်းချမ်းရေးသည်သာ ရေရှည်စိတ်ချနိုင်မှာဖြစ်လို့ပါ။ အတိတ်သမိုင်းကို မရမက လှန်လှောပြီး အီမိုးရှင်းတွေနဲ့ အချိန်ဖြုန်းနေမယ့်အစား အနာဂတ်ကို မျှော်ပြီး ပညာကိုမျိုးစေ့ချ အားလုံးရဲ့ မြန်မာဆိုတဲ့ စိတ်ထားတစ်ခုတည်းမှာ ခံယူနိုင်အောင် လေ့ကျင့်မွေးမြူရပါမယ်။

**သမိုင်းအမှန်ဆိုတာ ပညာမျက်စိနဲ့သာ ခွဲခြမ်းစိတ်ဖြာနိုင်မှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုကို လက်ခံတတ်လာအောင် လေ့ကျင့်သင်ကြားပေးနိုင်မယ့်လက်နက်က ပညာဆိုတာ မမေ့သင့်ပါဘူး။ သို့မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မုန်းတီးနေသမျှ အာဃာတ မပြေနိုင်၊ အငြိုးအတေးတွေ အဆုံးမသတ်နိုင်ကြသရွေ့ မတူကွဲပြားမှုကို လက်ခံခြင်းနဲ့ ငြိမ်းချမ်းခြင်းဆိုတာ ပါးစပ်ဖျားမှာပဲ အဆုံးသတ်နေပါလိမ့်မယ်။ အဓိကအချက်က စိတ်ဓာတ်နဲ့ ပညာအရာပါပဲ။ စိတ်ဓာတ်ကောင်းစွာနဲ့ ပညာဖြစ်နေသရွေ့ ညီညီညွတ်ညွတ် အတူလှမ်းလျှောက်ကြမယ့် ပြည်ထောင်စုလမ်းမကြီးဟာလည်း အစဉ်ချောမွေ့သာယာနေမှာ မလွဲဟု အလေးအနက် ယုံကြည်မိပါတယ်။** ။



◆ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

# စိတ်ဓာတ်ပညာအင်အားဖြင့် ညီညွတ်မှုအားကို ရယူမည်

## မိုးမြင့်

နိုင်ငံတစ်နိုင်ငံမှာ စိတ်ဓာတ်ပညာ အင်အားနဲ့ စည်းလုံးညီညွတ်မှု အင်အားကို ရယူနိုင်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲဆိုရင် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်းကြားမှာ မေတ္တာထားခြင်း၊ ကရုဏာထားခြင်း၊ မုဒိတာပွားခြင်း၊ ဥပေက္ခာပြုနိုင်ခြင်းအထိ ထားရှိရမယ့် မြင့်မြတ်စိတ်ထားကောင်းတွေကို အဓိကဆိုချင်တာပါ။

အချင်းချင်း ချစ်ချစ်ခင်ခင် နေရကောင်းမှန်းမသိ၊ အမုန်းအသင်္ချေနဲ့၊ လိုချင်တဲ့ စည်းလုံးညီညွတ်မှုကို ဘယ်တော့မှ ရနိုင်ကြမှာမဟုတ်ပါ။ မိမိတို့နေထိုင်တဲ့ ဒီနိုင်ငံကြီးရဲ့ ဒီမြေ၊ ဒီရေ၊ ဒီလေပိုင်နက်အတွင်း အတိတ်သမိုင်းကြောင်းမှာ အကြောင်းတရားပေါင်းစုံနဲ့ ဖွဲ့စည်းဖြစ်တည်လာတဲ့ ဒီပြည်ထောင်စုကြီးမှာ လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ်ကလည်း ညီညွတ်မှုအားနည်းခဲ့လို့၊ အင်အားမရှိခဲ့လို့၊ လွတ်လပ်ရေးရခဲ့တာလည်း ဒီစိတ်ဓာတ်အင်အားနဲ့ ဒီညီညွတ်မှုအားကြောင့်ပဲဆိုတဲ့ သင်ခန်းစာတွေ ကိုယ်စီကိုယ်စီရှိခဲ့ကြပြီးဖြစ်တဲ့အတွက်... ကျွန်တော်တို့ရဲ့ဂုဏ်ယူစရာ ထိုပြည်ထောင်စုကြီးကို စိတ်ဓာတ်နဲ့ပညာကိုသာ အဓိကအရင်းခံပြီး ညီညွတ်မှုအင်အားကို မရ ရအောင် ဆက်လက်ကြိုးစားတည်ဆောက်ကြမယ်ဆိုရင်..။

### ပြည်ထောင်စုစိတ်ဓာတ် ဆိုတာ

ဘယ်လိုအခြေအနေမှာ စည်းလုံးညီညွတ်မှု ပြိုကွဲသွားနိုင်ပါသလဲ။ ထိုသက်ရှိသက်မဲ့ လူသားမျိုးနွယ်စု အရင်းအမြစ်တွေ၊ ကိုယ်ပိုင်စရိုက်လက္ခဏာတွေ၊ စိတ်ဓာတ်အရည်အသွေးတွေ၊ ဘာသာတရားနဲ့ ယဉ်ကျေးမှုဂုဏ်ဒြပ်တွေကို တန်ဖိုးထားရကောင်းမှန်းမသိ၊ ဂုဏ်ယူစရာအဖြစ် မြင်နိုင်စွမ်း မရှိကြတော့ရင်၊ ထိန်းသိမ်းရကောင်းမှန်း မသိတော့ရင် သမိုင်းလည်းပျောက် လူမျိုးပါပျောက်ရပါလိမ့်မယ်။

ဒြပ်မဲ့ပစ္စည်းတွေအပေါ်မှာ တွယ်တာရကောင်းမှန်းမသိ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအပေါ် သစ္စာမရှိ၊ ပညာမဲ့ အဆင်အခြင်မဲ့ လုပ်ရပ်များဟာ ဘယ်မှာ ကောင်းတာ၊ မှန်တာ ဖြစ်နိုင်ပါ့မလဲ။ ပြည်ထောင်စုကြီးကို စည်းနှောင်ထားသည့်ကပင် မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ မြင့်မြတ်တဲ့ စိတ်ထားတွေကြောင့်ဖြစ်ပြီး တန်ဖိုးထားအပ်တဲ့အရာကို တန်ဖိုးထားတတ်တဲ့အတွက်ကြောင့်လည်း မြဲမြံနေတာဖြစ်ပါတယ်။ ခိုင်မာတဲ့ကြိုးတွေအလား ထိုထိုစိတ်ထားတွေနဲ့ ချည်နှောင်ထားမှုသာ အင်အားရှိတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညီညွတ်မှုကို ရရှိပါမယ်။ ထိုပြည်ထောင်စုစိတ်ဓာတ်ကြီးနဲ့ တည်ဆောက်ထားလို့သာ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ မြင့်မားလှတဲ့တန်ဖိုးတွေ၊ စံနှုန်းတွေ၊ ဂုဏ်ဒြပ်တွေကို ကျွန်တော်တို့အားလုံးက အပြန်အလှန် အသိအမှတ်ပြု လေးစားနေနိုင်ကြတာဖြစ်တယ်။ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်တာဖြစ်တယ်။ ရှေးပဝေသဏီကတည်းက အချင်းချင်း ရောပြွမ်းနေနိုင်ကြတယ် ဆိုတာလည်း ဒီလိုစိတ်ထားတွေကြောင့်ပဲ။

> တိုင်းရင်းသားတို့ရဲ့အတိတ်မှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ညီညွတ်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေရှိခဲ့ခြင်းဟာ သစ္စာရှိကြလို့ပါ။ ဒါဟာပင် ညီညွတ်မှုရှိတဲ့ ပြည်ထောင်စုရဲ့ တန်ဖိုးတစ်ခုအလား လက်ခံနိုင်ရပါမယ်။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီတယ်၊ ရိုင်းပင်းတယ်၊ လိုအပ်ရင် အသက်ပေးပြီး ကာကွယ်တယ်၊ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလို အမျိုးကိုထိရင် မချိအောင်နာတတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်မျိုးဟာ ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိတဲ့ လူမျိုးဆီကသာ ရနိုင်မယ်ထင်တယ်။ အတွေ့အကြုံများအရ ပြည်နယ်တစ်ခုမှန်တိုင်းသင့်တော့ ကျန်မြန်မာတိုင်းရင်းသားအားလုံးက မနော စာနာစိတ်အပြည့်နဲ့ ငွေအား၊ လူအား စုပေါင်းပါဝင်ကူညီခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ဖူးတယ်။ ကိုယ့်အမျိုးပမာ အစော်ကားခံရလို့ မခံချင်စိတ်နဲ့ သွေးဆူခဲ့ကြဖူးတဲ့သမိုင်း၊ အနောက်တံခါးဝကို ဘာသာခြား၊ လူမျိုးခြားတွေ အကြိမ်ကြိမ်ကျူးကျော်ခံရစဉ်က ကိုယ့်တိုင်းရင်းသားဘက်က အသက်ပေးကာကွယ်ခဲ့ကြဖူးတဲ့သင်ခန်းစာ... ဒီလိုစိတ်ဓာတ်တွေ ဘာကြောင့်ထားနိုင်ခဲ့ကြသလဲ၊ ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ ဖြောင့်မတ်တဲ့ စိတ်ထားတွေကြောင့်၊ သစ္စာရှိပြီး ပညာပြည့်တဲ့ နိုင်ငံသားတွေကြောင့်၊ ထားအပ်တဲ့ဒုက္ခသည်တွေအပေါ် ထားတတ်တဲ့ ဆွေမျိုးသားချင်းပြည်ထောင်စုစိတ်ဓာတ်ကြီးကြောင့် ဒီလိုလက္ခဏာတွေ ပြသနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်

ဒါကြောင့်လည်း သမိုင်းနဲ့ချီပြီး အတူယှဉ်တွဲ နေထိုင်နိုင်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ခုအဖြစ် ဖြစ်တည်လာခြင်းမှာ အဓိပ္ပာယ်အများကြီးရှိနေကြောင်း နားလည်ရမှာ ဖြစ်ပါတယ်။ အချင်းချင်း အပြန်အလှန်အသိအမှတ်ပြုလေးစားမှု၊ ချစ်မြတ်နိုးမှု၊ တန်ဖိုးထားမှုများ အမှန်တကယ်ရှိကြမှလည်း ရှိပြီးသား ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးရာ ရောက်ပါမယ်။

### ရိုးဖြောင့်မှုဂုဏ်ကိုပါ ထပ်ဆင့်

ရိုးစင်းတဲ့စိတ်ထားနဲ့ ဖြောင့်မတ်တဲ့စိတ်ဓာတ်ဆိုတဲ့ဂုဏ်တစ်ခုဆိုတာ လူသားတွေရဲ့ ချစ်ခြင်းမေတ္တာတရားကို ခိုင်မာစေပါတယ်။ ရိုးသားမှုရှိသူဟာ အမှန်တရားကို ချစ်မြတ်နိုးပြီး အမှန်ကိုသာ လုပ်တတ်တယ်၊ အမှားကို မလုပ်ဘူး။ ဒီနေရာမှာ ဘယ်အရာက အမှား၊ ဘယ်ဟာကအမှန်ဆိုတာတော့ ပညာမျက်စိနဲ့မြင်ထားသင့်ပါတယ်။ အမှန်နဲ့ အမှား မခွဲခြားနိုင်သေးသရွေ့တော့ အမှန်ကိုအမှား၊ အမှားကို အမှန် လုပ်နေကြဦးမှာပဲ။ ဒါကြောင့်လည်း အကျည်းတန်ပြီး ဆိုးရွားလွန်းတဲ့အနိဋ္ဌာရုံတွေသာ ကြုံနေရတာ ဖြစ်တယ်။ ပညာဆိုတဲ့အလင်း မရှာနိုင်ကြသရွေ့ ဖြောင့်မတ်မှန်ကန်မှုကို ဘယ်လိုရနိုင်ပါ့မလဲ။ ပညာဆိုတဲ့ အရည်အချင်းတစ်ခုကသာ အမှန်နဲ့ အမှားကို ခွဲခြားပေးနိုင်တယ်။

*အချပ်ပို (ခ) သို့*